www.burmeseclassic.com

BURMESE CLASSIC .com

# ဒဿဂျော်နွှာ

မြေကာလိန်မ မယ်ကာက

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၀၉၁၀၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၀၁၈၀၁၁၁ |
| ထုတ်ဝေသူ | - | ဦးခင်သူရလွင်<br>(အိပ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း<br>(ကာလာဇုန်ပုံနှိပ်တိုက်)<br>၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)<br>ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | Dattha Giri |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>ဇန်နဝါရီလ၊ ၂၀၁၁ ခုနှစ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

ဒဿကျော်စွာ

ခြေကလိမ်မ မယ်ကာက/ ဒဿကျော်စွာ ၊ - ရန်ကုန်

အိပ်မက်အသစ် ၊ ၂၀၁၁။

၁၇၀- စာ၊ ၁၂ × ၁၈ . ၅ စင်တီမီတာ။

(၁) ခြေကလိမ်မ မယ်ကာက


BURMESE CLASSIC .com

အိပ်မက်အသစ် မှ ထွက်ရှိပြီး စာအုပ်များ

| | |
|---|---|
| မိုးရာသီဝတ်ချိုး | တာရာမင်းဝေ၊ ဝေမှုံးသွင် |
| တစ်သောသောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| မှတ်ကြိုတစ်ဦး၏ ဓာလူ ဒါ အရသာ | ဝေမှုံးသွင် |
| ကြွက်ခြေခတ်နှစ်စု | တာရာမင်းဝေ၊ ဝေမှုံးသွင် |
| မင်းလူ...ဝေမှုံးသွင်...L မင်းပြည့်မှန် | မင်းလူ၊ ဝေမှုံးသွင်၊ L မင်းပြည့်မှန် |
| တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မှန် |
| နက်စိုးအွန်ချိန် | သတိုးဇော |
| စောင့်ရသူ | သတိုးဇော |
| ညည့်နက်သန်းခေါင်ဓွေးတစ်ကောင် | သတိုးဇော |
| ခွဲလမ်းခြင်းမရှိသည် | သတိုးဇော |
| အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှုံးသွင် |
| ချစ်သူရွာ | လူရေး |
| ညည်းတွားရှိက်တဲ့ ဂုံသံ | သတိုးဇော |
| ဦးချင်ကြီး | ဒီပ္ပကျော်စွာ |
| ပန်းဝင်စား | ဝေမှုံးသွင် |
| ဓာရယ် | သူရေး |
| ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| တိန္နာဖြည်သို့ အလည်ရောက်သူ | ဒီပ္ပကျော်စွာ |
| ဘာသိုကော | လူရေး |
| ခေါင်းညှိမ့်ပြေးတဲ့ အရိပ်တလေး | ဝေမှုံးသွင် |
| လိပ်ပြာနဲ့တဲ့ည | ဒဿကျော်စွာ |
| စေညှန်ရာကြိုးရှာဆိုး | သတိုးဇော |
| 25 | လူရေး |
| မိစ္ဆာမျက်ရည် | ဒေဝသကျော်စွာ |
| နှင်းဆီရောင်မှန်တိုင်း | ဝေမှုံးသွင် |
| အသင်းအဖော်ကကြိုး | ဝေမှုံးသွင် |
| နိုင်ငံ့ဖိုလီ | လူရေး |
| ဆင်ဝင်စားတဲ့လူ | ဒဿကျော်စွာ |
| လမိုက်ညခေါ်သံ | ဒဿကျော်စွာ |
| မြွေနဲ့ကွတ်ရှင် | ဒဿကျော်စွာ |
| အချိုမြစ် | လူရေး |
| နတ်သမီးအဆောင် | လူရေး |
| ဝိဘတ်ကြိမ်ရွာ | ဒဿကျော်စွာ |
| ဘုတာကြီး | လူရေး |
| သတ်ပျောက်သစ်ပင် | ဒဿကျော်စွာ |
| ရွယ်နှိုးဆင့်ရှိုင်း | သတိုးဇော |
| နဂါးတွင်းမရှိသည် | ဒဿကျော်စွာ |
| ဘာတိယမျက်လုံးရှင် | ဒဿကျော်စွာ |
| ဝါဆယ် | လူရေး |
| ခေါင်း...ခေါင်း...ခြေတစ်ချောင်း | သတိုးဇော |
| မနောမယ်ဒို | ဒဿကျော်စွာ |
| သရဲကျွမ်း | ဒဿကျော်စွာ |
| မိုးမရွာရွာ | လူရေး |
| *ခြေကလိမ်မ မယ်ကာက* | ဒဿကျော်စွာ |

ထပ်မံထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| သစ်းရည်းစားအဝိတ် | လူရေး |
| ဘုရင်နိုင်ဝိရွာ | ဒဿကျော်စွာ |

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# ဒဿကျော်စွာ

ကြေလပိန်မ မယ်ကကာ

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

www.burmeseclassic.com

www.burmeseclassic.com



**နယ်မြို့ကလေးက သတင်းထောက်**

**ရေးပို့တဲ့ သတင်းတစ်ပုဒ်**

ဒုတိယကမ္ဘာစစ်မတိုင်ခင်ကာလအတွင်းက ဖြစ်လေသည်။

ထိုခေတ်က ထုတ်ဝေနေသော ဂျာနယ်တိုက် တစ်ခုသို့ တစ်နေ့ကြီးသားတွင် ...

နယ်သတင်းထောက်လေးတစ်ယောက်က ထူးခြားကြောက်မက်ဖွယ် သတင်းတစ်ပုဒ် ရေးသားပေးပို့လေသည်။

သတင်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်၏။

*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## မြို့ပြင်က အုန်းတောမှာ ထူးဆန်းစွာ သေဆုံးနေသူ တစ်ယောက်အကြောင်း

ကျွန်တော်တို့မြို့ပြင်ရှိအုန်းတောသည် သချိုင်း နှင့် နီး၏။ ထို အုန်းတောတွင် လွန်ခဲ့သောကြာသာပတေးနေ့က လူတစ်ယောက်မှာ ဦးကျောက်များထွက် လျှက် ထူးဆန်းစွာ သေဆုံးနေလေသည်။

သူ့ခန္ဓာကိုယ်မှာ တခြား မည်သည့်ဒါဏ်ရာမှုမရှိ။

ထူးခြားသည်မှာ သူ့မျက်လုံးများပင်ဖြစ်လေ သည်။

အလွန်ပြူးကျယ်ဝိုင်းစက်လျက်ပြင်းစွာကြောက်ရွံ့တုန်လှုပ် နေဟန်က အထင်းသားပေါ်လွင်နေသည်။ လူတစ်ယောက်ဟု မပြော နိုင်လောက်အောင်ပင် သူ့မျက်နှာပြင်ကို ပုံပျက်ပန်းပျက်ဖြစ်သွားစေခဲ့ သော ကြောက်ရွံ့ခြင်းက သူ့အလောင်းအား မြင်သူ ဟူသရွေ့ကိုလည်း တုန်လှုပ်ချောက်ချားမိစေလေ၏။

သူသေဆုံးနေပုံမှာ တောရိုင်းတိရိစ္ဆာန်တစ်ကောင်ကောင်၏ တိုက်ခိုက်ခြင်းခံရ၍သော်လည်းကောင်း၊ လူတစ်ယောက်ယောက်က လုပ်ကြံခြင်းသော်လည်းကောင်း ဖြစ် နိုင်ဖွယ်ရာမရှိပါ။

သူ့အလောင်းအားတွေ့ရသည်မှာ လမိုက်ညပြီး နောက်တစ် ရက် နံနက်လင်းအားကြီးတွင် ဖြစ်သည်။

ရပ်ရွာကမူ ခြေကလိန်မလက်ချက်ဖြစ်မည်ဟု ပြောဆိုနေကြ လေသည်။



ထိုသတင်း ဂျာနယ်တိုက်ရောက်လာသောအခါ အယ်ဒီ တာက ဤသို့မှတ်ချက်ပြုလေသည်။

"သတင်းစာပညာရဲ့ ဘက်ကုံးချောက်လုံးအပြည့်အစုံ မပါ ဘူး ဖြစ်နေတယ်။ သတင်းခေါင်းစဉ်း လည်း ပြင်ရေးရ မယ်၊ ဒီသတင်းကိုမယ်တယ်"

ထိုသို့ဖြင့်ပင် ...

ထိုသတင်းမှာ စာမျက်နှာများထက်သို့ ဘယ်ခါကမှ ရောက်နိုင်ခဲ့ရှာပဲ အယ်ဒီတာ၏ ဖိုင်တွဲအဟောင်းများ အတွင်း၌သာ ရှိနေခဲ့ရပါလေတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



**ဆရာဝန်ကြုံခဲ့ရသော**
**အဖြစ်ဆန်းတစ်**

သဖန်းကုန်းအမည်ရှိရွာတွင် ဆရာဝန်ဟူ၍ ရှားရှား ပါးပါး တစ်ယောက်တည်းသာ ရှိလေသည်။

ယင်းဆရာဝန်မှာလည်း ဤရွာမှာ အမြဲတစေ နေထိုင် သည်မဟုတ်။ မြို့မှာတက် ဆေးကုစားနေခြင်း ဖြစ်သည်။ ဒီရွာမှာ က သူ့ဖခင်အိုကြီးလည်းရှိ၊ သူ့ပိုင်ခြံများလည်း ရှိသည်မို့ မကြာ ခဏဆိုသလို ရောက်လာတတ်ခြင်းသာဖြစ်လေသည်။

တစ်နေ့တွင် …

ထိုဆရာဝန်ထံသို့ …

အလွန်ထူးဆန်းသော ဝေဒနာရှင်တစ်ယောက် ရောက် လာခဲ့လေသည်။

"ဖယ်ကြစမ်း ငါ့ကို မဆွဲကြနဲ့၊ ငါ့ဘာမှတ်နေလဲဟင်"

အော်သံ ဟစ်သံ ကြိမ်းမောင်းသံများကို အဝေးကပင် ကြားရလေသည်။

ဆရာဝန်ပင် မနေနိုင်၍ အပြင်ထွက်ကြည့်သောအခါ မိန်းမတစ်ယောက်အား လူအများက ချုပ်နှောင်ခေါ်လာသည်ကို မြင်ရသည်။



အားကောင်းမောင်းသန် ကာလသားလေးငါးယောက် လောက် ချုပ်နှောင်ထားသည့်ကြားမှပင် ထိုမိန်းမက တစ်ချက် တစ်ချက် လွတ်ထွက်ချင်နေသေးလေ၏။

တော်တော်အားသန်တဲ့ မိန်းမပဲ။ ကြည့်တော့ လူပုံက ခပ်ပျော့ပျော့ရယ်။

ဆရာဝန်က တီးတိုးရေရွတ်ရင်း …

"လာကြ လာကြ အခန်းထဲ သွင်းလိုက်ကြ၊ ကဲ ကဲ လုပ်ကြပါဦး ကုတင်ပေါ် လှဲပေးလိုက်ကြလေ"

ဆရာဝန်စမ်းသပ်ရာ ကုတင်ပေါ်တွင်လည်း ရုန်းကန်နေ သဖြင့် အတင်း ချုပ်ထားရလေသည်။

"ဟင် မအိမ်မြပဲ"

ဆရာဝန်မှာ အနီးကပ်ကြည့်ပြီးမှ အံ့အားသင့် သွားရ သည်။ မအိမ်မြအား သူကောင်းကောင်းသိပါသည်။ အင်မတန် ရိုးအေးကြောက်တတ်သော မိန်းမပေပဲ။ ခုဘယ်လိုဖြစ်ရတာလဲ။

"နင်က ဘာလုပ်ချင်လို့လဲ"

ဆရာဝန်အား မျက်လုံးစိမ်းကြီးများဖြင့် ကြည့်ကာ မေးချ လိုက်သောကြောင့် သူပင် လန့်ချင်သလို ဖြစ်သွားရလေ၏။

"မအိမ်မြကို နေကောင်းသွားအောင် လုပ်ပေးမလို့ပါ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည် အိမ်မြဲမဟုတ်ဘူး ကာက"

"ဟုတ်ပါပြီ မကာကရယ် ဘယ်လိုဖြစ်ရတာတုန်း"

"ဘယ်လိုဖြစ်ရမှာတုန်း ငါ့ကို အိမ်မြဲတို့ လင်မယားက လာစော်ကားလို့ ပညာပေးလိုက်တာ၊ သူ့လင်လဲ သေပြီ၊ ခု သူလဲ အသေလုပ်မလို့"

"ဒီလိုတော့ မလုပ်ပါနဲ့ မကာကရယ်"

"နင်က ဘာကောင်မို့ ငါ့အမိန့်ပေးနေရတာလဲ၊ လုပ်ချင်တာ ငါလုပ်မယ် မယ်ကာကတဲ့ ဘာမှတ်သလဲ"

ပြောပြော်ဆိုဆို သူ့မျက်နှာသူ ကုတ်ခြစ်နေလေတော့သည်။ ဆရာဝန်မှာ ရုတ်တရက် ဒေါသဖြစ်သွားပြီး …

"ဟဲ့တ် ငါက မလုပ်နဲ့ဆိုတာ မရဘူးလား"

"ဟင် …"

မအိမ်မြဲ ရုတ်တရက် ပြန်လှည့်ကြည့်သည်။မျက်လုံးစိမ်းကြီးများဖြင့်။ စကားပြောတော့လည်း အသံနက်ကြီးမို့ အနားက လူတွေပင် လန့်သလို ရှဲသွားကြလေသည်။

"ငါ ပြောနေတယ်။ ခုချက်ချင်းရပ်လိုက်စမ်း"

"တောက်! သယ်"

"ငါပြောတာမလိုက်နာဘူးလား၊အာခံချင်သလား ဟင်"



မအိမ်မြဲ တစ်ချက် တုန်ကနဲဖြစ်သွားသည်။ သက်ပြင်းတစ်ချက်ချလိုက်သလို မြင်ရ၏။

"အေးပေါ့လေ နင်က မင်းပဲ၊ နာခံရမှာပေါ့"

✸

ထိုသို့ဖြင့်ပင် …

မအိမ်မြဲ နေပြန်ကောင်းသွားခဲ့ခြင်းဖြစ်လေသည်။ လူတွေကတော့ ပြောကြ၏။

"ဆရာက ရုပ်ရှားမှာလည်း ခေါင်းဆောင်၊ အုပ်ချုပ်ရေးပိုင်းလည်းပါတယ်၊ ပြီးတော့ ဆရာတို့က ရှေးမင်းဆွေမင်းမျိုးတွေမို့ မင်းသွေးလည်းပါလို့"

တဲ့။ ခေတ်ပညာတတ်ဆရာဝန်ကတော့ ပြုံမငြင်းနေပါ။ သူသိသည်က စိတ်နှောက်သလိုလို မအိမ်မြဲကို အမိန့်ပေးခြင်းဖြင့် လွှမ်းမိုးပြီး ကုသလိုက်ခြင်းပါပဲ။

မည်သို့ဆိုစေ … ထိုစဉ်ကတစ်ရက်တည်းမှာပင် မအိမ်မြဲ ခင်ပွန်း ကိုဝင်းလွင်တစ်ယောက် ဆုံးပါးသွားသည်ကိုတော့ သူ ဘယ်လိုမှ ရှင်းမပြတတ်ပါချေ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရွှေဟောင်းသုတေသီရှူး

လှူငယ်ကလေး၏အဖြစ်ဆန်း

မြတ်ထူးနိုင်ဆိုသော ကောင်လေးတစ်ယောက်သည် …

ရှေးဟောင်းသုတေသနပညာလေး မတောက်တစ်ခေါက် လိုက်စားမိကာ သုတေသီရှူးရှူးနေသော ကောင်လေးတစ်ယောက် ဖြစ်လေသည်။

သူ့အား အကြောင်းသိများက 'မြတ်ရှူးနိုင်' ဟုပင် … ကင်ပွန်းတပ်ကြလေ၏။

သူ့ ရွာကလေးတစ်ဝိုက် တူရွင်းတစ်လက်ဖြင့် ဟိုတူး ဒီတူး။ ဘာမှလဲ မယ်မယ်ရရတွေ့သည်မရှိ။ အိုးကွဲစလိုလို၊ ကျောက်သား အကျိုးအပဲ့လိုလိုလေးတွေ့ရလျှင်ပင် ဝမ်းသာမဆုံး။

တစ်ရက်မှာတော့ … သူ့မြေးလေး၏ရှူးသွပ်မှုကို မြင်ကာ မနေနိုင်သော သူ့ဖွားအေက …

ပုရပိုဒ်ဟောင်းလေးတစ်ခုကို ထုတ်ယူပေးလေသည်။

ပုရပိုဒ်ပေါ်တွင် …

လမိုက်ချိန်ညည့်နက်၊ လူခုနှစ်ယောက်လက်ချင်းဆက်၊ အုန်းပင်လက်ဝဲရစ်ခုနှစ်ပတ် ခြေကလိန်မထွက် … ဟုရေးထားလေသည်။



ထိုစာတစ်ကြောင်းမှလွဲ၍ ကျန် ပုရပိုဒ်တွင်းရေးထား …ှာ မြန်မာအက္ခရာမဟုတ်သဖြင့် သူဘယ်လိုမှ မဖတ်တတ် …။

"ဘာအကြောင်း ပုရပိုဒ်လဲအဖွား"

ဟုမေးသော် သူ့အဖွားက မဖြေတတ်။

"သိဘူး မြေးရဲ့ မင်းအဘိုးရှိစဉ်က သိမ်းထားတဲ့ ထဲ ကပဲ၊ သူကတော့ ပုရပုဒ်တွေ အများကြီးသိမ်းထားတာ ခုတော့ ဒါလေးတစ်ခုပဲ တွေ့တော့တယ်"

ထိုသို့ဖြင့်ပင် ထိုပုရပိုဒ်အား မြတ်ထူးနိုင်က ရန်ကုန်ရှိ …သိတစ်ယောက်ထံ တင်ပို့လိုက်လေတော့၏။

ပညာရှင်တစ်ယောက်ယောက်ကို မေးပေးဖို့ပေါ့။

ယင်း ကောင်လေးကလည်း စည်းကမ်းမရှိသဖြင့် …ပုရပိုဒ် ပျောက်ဆုံးသွားခဲ့သည်။ ထိုညတွင်ပင် မြတ်ထူး …်တစ်ယောက် အိမ်မက်ဆိုးများမက်ခဲ့လေ၏။

မှတ်မိသလောက်တော့ …

အုန်းပင်အား အကြိမ်များစွာ ပတ်နေရခြင်းနှင့် အနက် …ောင် အရိပ်ကြီးက သားရဲမရဲ လိုက်နေခြင်းပါပဲ။

သို့သော် သူရန်ကုန်ပို့လိုက်သော ပုရပိုဒ်မှာ ပျောက်ပျက် …ခြင်းမရှိ။ သင့်လျော်သူ တစ်ဦးက ရရှိသွားခဲ့ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်သည်
ရာဇဝင်တွင်
ပျူစောထီး၊ ထီးမင်းယဉ်၊ ယာဉ်မင်းပိုက်၊ ပိုက်သေလည်၊
သေလည်ကြောင်၊ ကြောင်ဒူရစ် … အစရှိသဖြင့်
တစ်မင်းပြီးတစ်မင်း အမည်များ
ပြန့်လှန်ပေးကြသော ခေတ်မှ …
ကြောင်ဒူရစ်မင်း လက်ထက်တွင်
ဖြစ်လေသည်။

## အခန်း(၁)

ပင်လယ်ဝ၏ တစ်နေရာ သစ်ဝါးပေါများသော ကျွန်းကလေး ၏ မနီးမဝေးရေလယ်၌ ရပ်ထားသော သစ်ခုတ်လှေလေးပေါ်၌ အသက် ၁၃နှစ် ၁၄နှစ်အရွယ်လူငယ်လေးတစ်ယောက်သည် ခပ်လှမ်းလှမ်းမှ ကျွန်းကလေးဆီသို့ လှမ်းမျှော်ကြည့်နေလေသည်။

သူ့အဖော်များမှာ သစ်ဝါးခုတ်ရန် ကျွန်းကလေးပေါ်တက်သွားကြပြီဖြစ်၍ သူတစ်ယောက်တည်း လှေပေါ်တွင် လှေစောင့်အဖြစ် ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

ဒါပ်မက်အသစ်တာဝေ

www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်မှာ မောင်လူအေး။

လူပုံကပျော့ပျော့နွဲ့နွဲ့။ နာမည်နှင့်လိုက်အောင်အေးလဲအေး၊ ကြောက်လဲကြောက်တတ်သူဖြစ်သည်။

သစ်ခုတ်လှေဖြင့် ပါလာခဲ့ရသော်လည်း လှေသူကြီးက 'မင်းပုံစံနဲ့ သစ်ခုတ်ဝါးခုတ်အလုပ်ကို မင်းလုပ်နိုင်မှာ မဟုတ်ဘူး' ဟုဆိုကာ သူ့အားလှေစောင့်ရင်းထမင်းချက်ရန် တာဝန်ပေးသွားခဲ့သည်။

ကျွန်းပေါ်တက်သွားသည့် လှေသားတွေ မြင်ကွင်းထဲက ပျောက်ကွယ်သွားတာနှင့် မောင်လူအေးလဲ ထမင်းချက်ရန် လှေနောက်ဖက်သို့ လျှောက်လာခဲ့လေ၏။

မီးမွှေး၍ မီးဖိုပေါ် ထမင်းအိုးတင်ထားတုန်း ခဏအားတာနှင့် မောင်လူအေးလဲ ပတ်ဝန်းကျင်သားဘီဝဲယာသို့ ဟိုငေးဒီငေးကြည့်နေမိသည်။ ရုတ်တရက်သူ့အမြင်အာရုံထဲ တိုးဝင်သော ပုံရိပ်တစ်ခု။

မောင်လူအေးအသေအချာ စူးစမ်းနေမိသည်။

ချောင်းနံဘေးကမ်းစပ်ပေါ်မှာ တလှုပ်လှုပ်နှင့် မည်းမည်း သဏ္ဍာန်တစ်ခု၊ မျက်လုံးကိုအစွမ်းကုန်ပြူးပြဲထား၍ ထိုသဏ္ဍာန်ကို





ထင်ထင်ရှားရှားမြင်ရအောင် လှေနောက်စွန်းနားသို့ပင် ကပ်၍ကြည့်မိသည်။

ထိုတလှုပ်လှုပ်နှင့် သဏ္ဍာန်မှာ လူတစ်ယောက်လိုလို သေချာကြည့်လေ ကြည့်လေ သဏ္ဍာန်မှာ ထင်ရှားလာသည်။

ပို၍ထင်ထင်ရှားရှားမြင်ရစဉ်မှာတော့ မောင်လူအေးမှာ ရုတ်တရက်လန့်အော်မိမတတ် ဖြစ်သွားသည်။ သူ့မျက်လုံးမှာ နှစ်ဆလောက်ပြူးကျယ်ဝိုင်းစက်သွားသည်။ ခြောက်ခြားတုန်လှုပ်သွားသည်။

သူမြင်ရသည့်အရာသည်ကား

ဆံပင်ဖားလျားချထားသော အသားမည်းမည်း၊ အလွန်တရာမှ အကျည်းတန်လှသော မိန်းမတစ်ယောက်။

" သရဲမ… သရဲမကြီး…"

မောင်လူအေးသည် ထိုသဏ္ဍာန်ကို လက်ညှိုးထိုး၍ ကယောင်ခြောက်ခြားရေရွတ်မိသည်။ သူ့တကိုယ်လုံး နုတ်ပူးသလို တဆတ်ဆတ်တုန်ယင်လာ၏။ ကြောက်ရွံ့တုန်လှုပ်စိတ်ကြောင့် သိစိတ်ကင်းလွတ်ချင်သလိုလို ဖြစ်နေမိသည်။

"အမလေး ငါသရဲခြောက်ခံရပြီ"



www.burmeseclassic.com

www.burmeseclassic.com



အဖျားခတ်တုန်ယင်သွားသော သူ့အသံကိုပင် သူပြန်လန့်ချင်လာသည်။ နေရာတွင် သူဆက်လက်ရပ်တည်ခြင်းငှာ မစွမ်းသာတော့

သုတ်ခနဲ လှေဝမ်းထဲပြေးဝင်ကာ ပုန်း၍တတ်သမျှမှတ်သမျှ ဘုရားစာကို မျက်လုံးစုံမှိတ်၍ ရွတ်ဆိုနေမိပါတော့သည်။

သစ်ဝါးခုတ်ရာမှ ပြန်လာသောလှေသားများသည် လှေဝမ်းထဲမှာ တဆတ်ဆတ်တုန်ကြောက်ရွံ့ပုန်းအောင်းနေသော မောင်လူအေးကို တွေ့ကြသောအခါ အံ့သြနားမလည်နိုင်အောင် ဖြစ်မိသည်။

"ဟိတ်ကောင် ဘာဖြစ်နေတာလဲ"

မောင်လူအေးမှာ လှေသားများကို တွေ့ရတော့မှ ချုံးပွဲချငိုပါလေတော့သည်။ တော်တော်နှင့်အငိုမစဲ၍ ဘာကိုမှလည်း မေးလို့မရဖြစ်နေတော့သည်။

စိတ်မရှည်သောတစ်ယောက်က ဝင်ဟန့်၏။

"ဟိတ်ကောင် မေးနေတယ်လေ·· ပြောစမ်း"

မောင်လူအေး၏ လက်မောင်းကို ဆုပ်ကိုင်၍မေးတော့မှ မောင်လူအေးမှာ တုန်လှုပ်ခြောက်ခြားနေသော မျက်လုံးကြီးများဖြင့် မော်ကြည့်ရင်း

"ကျုပ်···ကျုပ် သရဲခြောက်ခံရလို့ဗျ"





အားလုံး သူ့စကားကြောင့် မျက်မှောင်ကြုတ်သူကြုတ်၊ ...ယောက်မျက်နှာတစ်ယောက် ကြည့်သူကြည့်နှင့်

"ဘယ်လိုခြောက်ခံရတာလဲ"

မောင်လူအေးမှာ တစ်ချက်ရှိုက်သံပြုပြီးမှ

"ကျုပ်ထမင်းအိုးတည်ပြီး စောင့်နေတုန်း ဟိုနောက်က ...င်းကမ်းစပ်မှာ သရဲမကြီးတစ်ယောက် ကျုပ်တွေ့လိုက်ရတယ် ...လေးကြောက်လန့်စရာကြီးဗျာ··· ဆံပင်ဖားလျားကြီးနဲ့···· ...သားကလည်းမည်းလိုက်တာ ကျီးကန်းတောင် အရှုံးပေးရတယ်·· ...ဆိုးဆိုးကြီးဗျာ ··ပြောရင်းတောင် ကြက်သီး ထတယ်"

မောင်လူအေးစကားအဆုံး၌ ရယ်သံတစ်ချို့လွင့်ပျံလာသည်။

မောင်လူအေးက ရယ်တဲ့သူတွေကို ကြောင်ကြောင်အမ်းအမ်း ...က်ကြည့်မိသည်။

"ဘာရယ်တာလဲဗျ···ကျုပ်သရဲခြောက်ခံရတာ ရယ်စရာ ...ာင်းလို့လား"

မောင်လူအေးမှာ လိပ်ပြာလွင့်မတတ်ကြောက်လန့်နေသော် ...ည်း အခြားလူတွေက ရယ်စရာစကားတစ်ခွန်းကြားနေရသလို ရယ် ...နေကြတာကို သူမှာ အံ့သြနားမလည်နိုင်အောင်ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတွေ့ခဲ့တာ သူရဲမဟုတ်ဘူးဟ"

လှေသူကြီးကရှင်းပြတော့ မောင်လူအေး တစ်ခါအံ့ဩရပြန်သည်။

"သရဲမဟုတ်ရင် ဘာလဲ"

"သူ့နာမည်က မယ်ကာကာတဲ့ မသိတဲ့လူတော့ ရုတ်တရက် သူ့ကိုမြင်ရင် သရဲလို့ထင်ကြတယ်...သူက သရဲမဟုတ်ဘူး။ လူပဲကွ.."

"ဟင်.. သူက လူဆိုလူတွေရှိတဲ့အရပ်မှာ မနေဘဲဘာလို့ တောထဲမှာ လာနေနေတာလဲ ဦးရီးရဲ့"

မောင်လူအေးအမေးကြောင့် လှေသူကြီးက အတန်ငယ် မျက်ခုံးတွန့်၍

"အင်း...သူ့အဖြစ်က သနားစရာပါကွာ... သူ့ကိုမွေးတဲ့ အမေက သူမွေးပြီးပြီးချင်း သူ့ရုပ်မြင်တာနဲ့ သရဲလေးမွေးတယ်ဆိုပြီး သွေးလန့်သေရှာတယ်...ဖအေကတော့ ဒီလောက်အရုပ်ဆိုးတဲ့ကလေးကို မလိုချင်လို့ စွန့်ပစ်ထွက်သွားတယ်လေ... တောထဲကရသေ့ကြီး တစ်ပါးက ကောက်ယူမွေးစားထားတာ...ခမျာမှာ ကံဆိုးရှာတယ်"





"အမလေး..ဦးရီးရယ် သူ့ရုပ်ကိုမြင်လို့ သူ့အမေသွေးလန့်သေတာလဲ မပြောနဲ့တော့..ကျုပ်တောင်သူ့ကိုမြင်လိုက်တာ လိပ်ပြာလွင့်ချင်သလို ဖြစ်သွားတယ်၊ ဒီလောက်ကြောက်စရာကောင်းတဲ့မိန်းမ ဘကယ်သရဲမပဲနေမှာ"

မောင်လူအေးစကားကြောင့် အားလုံးက သဘောကျသလို ဝါးကနဲရယ်လိုက်ကြ၏။

"တဲ..ကဲ..သူ့အကြောင်းထားတော့..တို့ထမင်းဆာလာပြီ ထမင်းစားမယ် ထမင်းပွဲပြင်"

"ဟို..အဲဒါမှဒုက္ခ ကျုပ်ထမင်းအိုးတည်ထားတုန်း သရဲခြောက်ခံလိုက်ရတော့ ထမင်းအိုးတောင် သတိမရတော့ဘူး..အဟဲ ထမင်းတွေ ပျော့ပြီထင်တယ်"

"ကဲ..မင်းကတော့ လုပ်လိုက်ရင်အရာရာနဲ့ အကြောင်းကြောင်းချည်းပဲထမင်းအိုးအသစ် မြန်မြန်တည်ချေ သွား သွား"

လှေသူကြီးခွင့်ပေးလိုက်သဖြင့် မောင်လူအေးလည်း ထမင်းအိုးအသစ် ပြေး၍တည်ရတော့၏။ တော်ပါသေးရဲ့ သူ့ကို ဒီလောက်ပဲ ဆူငေါက်လို့..



www.burmeseclassic.com

www.burmeseclassic.com



"တောထဲက ခူးလာတဲ့သဇင်ပန်းတွေကော သာဝရေ.."

လှေသူကြီးက လှမ်း၍မေးလိုက်ရာ

"ဒီမှာရှိပါတယ် ဦးရီးရဲ့ ဘာလုပ်မလို့တုန်း"

"ဩော်..အေး ရှိရင်ပြီးရော... ပန်းတွေကို မနွမ်းမကြေအောင် သေသေချာချာဂရုစိုက်ဦး အဲဒီပန်းတွေက ဟတ္ထိနပူရပြည်ရောက်ရင် မိဖုရားခေါင်ကြီးကို ဆက်သရမယ်... မိဖုရားခေါင်ကြီးက တောထဲက ရှားရှားပါးပါး သဇင်ပန်းဆိုသိပ်ကြိုက်တာကွဲ့.."





အခန်း (၂)

ထိုအချိန် ဟတ္ထိနပူရနန်းတော်တွင်းတွင် အလွန်ပြင်းထန် သောအရေးတော်ပုံကြီး တစ်ရပ်ပေါ်ပေါက်၍ နေလေ၏။

ရွှေနန်းတော်၏ အတွင်းတော်ဆောင်တွင်းဝယ် အသံခပ်အုပ်အုပ်ဖြင့် စကားပြောသံများ ထွက်ပေါ်နေသည်။

"မောင်တော် ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား မောင်တော်ရယ်"

မိဖုရားခေါင်ကြီး စကားကြောင့် ဘုရင်မင်းမြတ်မှာ စိတ်သက်မသာဖြင့် သက်ပြင်းချသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တော်လည်း ဒီလိုဘယ်လုပ်ချင်ပါမလဲ နှမတော်ရယ် မလုပ်မဖြစ်တော့လို့သာ ခုလိုမျိုး စီစဉ်လိုက်ရတာပါကွယ်"

"မောင်တော် အစီအစဉ်က နှမတော်ရင်ကို မြန်းမြန်းကွဲ လောက်အောင် ပြင်းထန်ရက်စက်လှချည်လား မောင်တော်ဘုရား သားတော်လေးကိုလည်း ငဲ့ကွက်ပါဦး မောင်ဘုရားရဲ့.."

မိဖုရားခေါင်ကြီးမှာ မျက်ရည်လဲ၍ဖြင့် တောင်းပန်လျှောက် တင်နေသော်လည်း ဘုရင်မင်းမြတ်မှာ ပြုဖွယ်ရာကိစ္စကို မဖြစ်မ ပြုလုပ်တော့မည့်ဟန်မျိုးဖြင့် စိတ်ခိုင်ခိုင်ချပြီးသကဲ့သို့ ရှိနေသည်။

မတတ်သာ၍သာ လုပ်ရမည်ဖြစ်သော်လည်း သူ့နှလုံးသား ကို ဆူးဖြင့် တဆွဆွထိုးနေသကဲ့သို့ တဆစ်ဆစ်နှင့် နာကျင်ရပါသည် မိဖုရားခေါင်ကြီးဆို ပိုဆိုးရှာပေမှာပေါ့ ... ပိုခံစားရရှာပေမှာပေါ့...

သားတော်လေး ... ကံဆိုးလိုက်တဲ့ သားတော်ရယ်...

"မောင်တော် ... အခုစွန့်ပစ်ဖို့ စီစဉ်နေတာ မောင်တော် သားတော်အရင်းဆိုတာလဲ သတိရပါဦး ဘုရား"

"ဒါကြောင့်ပဲ စက်နေတာပေါ့ မိဖုရားကြီးရယ်.. ကိုယ့်သွေး ရင်းသားရင်းကို ဘယ်မိဘက စွန့်ပစ်ချင်ပါ့မလဲ ... ဒါပေမယ့် မလုပ်မဖြစ်တဲ့ အခြေအနေကရှိနေပြီမဟုတ်လား နှမတော်ရယ်





တစ်ချိန်မှာ အိမ်ရှေ့စံအဖြစ် ထီးနန်းအရိုက်အရာခံရမယ့် သားတော် ဟာ မျက်မမြင်တစ်ယောက်ပါဆိုတာ တိုင်းသူပြည်သားတွေ သိကုန် ကြရင် မခက်ပေဘူးလား မောင်တော်မရှိတော့တဲ့အခါ တိုင်းပြည် အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်က အကန်းကြီးပါဆိုရင်.. ပြည်သူ ပြည်သားတွေ လက်ခံမတဲ့လား နှမတော်ရဲ့... ဘယ်လက်ခံပါ့ လဲ.. တိုင်းပြည်တစ်ခုလုံး ဆူပူအုံကြွကုန်မှာပေါ့.. ဒါကြောင့်မို့ သားတော်လေးဟာ မျက်မမြင်ဒုက္ခိတသည်လေးဆိုတာ ပြည်သူတွေ မသိလိုက်ရအောင် ဟောဒီနေပြည်တော်ကြီးရဲ့ ဝေးရာကို စေလွှတ်ဖို့ ကြံစည်မိတာပါကွယ်... မောင်တော်ကို နားလည်ခွင့်လွှတ်ပေးပါ တော့.. နှမတော်ရယ်..."

"အမယ်လေး.. မောင်တော်ဘုရားရယ် နှမတော်ဘယ်လိုဖြေရ ပါ့မလဲ... နှမတော်အသဲကို ဆွဲကိုင်ခြေမွနေသလိုခံစားရပါတယ်.. နှမတော်ရင်တွေ ကွဲပါပြီ မောင်တော်ရယ်"

"နှမတော်ရယ်"

မိဖုရားခေါင်ကြီးက သည်းထူပြတ်မျှ ငိုကြွေးမြည်တမ်းနေ၏။ ကရာဇ်ဘုရင်မင်းမြတ်ကိုယ်တိုင်သော်မှ မျက်ဝန်းအစုံသည် မှိုင်းညို့ ကျ မျက်ရည်ကြည်လေးများပင် စို့သီလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ..မောင်တော်လဲ အသဲနိုက်မျှ ခံစားရပါတယ် နှမတော် ဒါပေမယ့်လဲ သည်လိုမလုပ်လို့မှ မဖြစ်ပေဘဲကိုး...

"မောင်တော်"

မိဖုရားခေါင်ကြီးသည် ငိုကြွေးရင်မှ တစ်စုံတစ်ရာကို စဉ်းစားမိသွားဟန်ဖြင့် မျက်ရည်စက်လက်ဖြင့်ဘုရင်မင်းမြတ်မျက်နှာတော်ကို မော်ဖူး၍ ခေါ်လိုက်၏။

"ဘာလဲနှမတော်..."

"ဒီလိုလုပ်ရင် မကောင်းဘူးလား... သားတော်လေးကို အဝေးကို မနှင်ဘဲ နန်းတော်ထဲမှာပဲ ထားရင်ရော... အိမ်ရှေ့အရာမပေ ချင်ရင်လဲမပေးနဲ့ပေါ့ မောင်တော်ရယ်.. အဲဒီလိုဆိုရင်ကော မကောင်း ပေဘူးလား မောင်တော်"

မိဖုရားစကားကြောင့် ဘုရင်မင်းမြတ်က ခေါင်းကိုယမ်း၍ သက်ပြင်းမှုဉ်းချသည်။

"ဒီလိုဆို သားတော်ကို မျက်မမြင်ဒုက္ခိတကြီးပါလို့ တိုင်းသူ ပြည်သားတွေ တစ်နေ့မဟုတ်တစ်နေ့သိကုန်မှာပေါ့... ဘုရင် သားတော်တစ်ပါးဖြစ်ပြီး ဒုက္ခိတဖြစ်နေတဲ့ သားတော်ကို ဘယ်သူက လေးစားကြည်ညိုကြမှာလဲ နှမတော်... စဉ်းစားကြည့်ပါလေ...





လေးစားကြည်ညိုမခံရရင် သားတော်ဟာ စိတ်နှလုံးညှိုးချုံးပြီး ငယ်စိတ်နဲ့ တစ်သက်လုံးနေထိုင်သွားရမယ်.... မဖြစ်ပါဘူးကွယ် တော်ရဲ့ အဝေးမှာသာ သူ့ဘဝသူ အေးအေးချမ်းချမ်းဖြတ်သန်းပါ လား... သူ့ကို ကျွေးမွေးစောင့်ရှောက်တဲ့ သူပေါ်လာမှာပါကွယ်... တော်နှလုံးစိတ်ဝမ်းမချမ်းမြေ့မရှိပါနှင့်တော့နော်.."

"အို..မောင်ဘုရားရယ် ကိုယ့်သားတော်တစ်ယောက်လုံး ရှုံးရတာ ဘယ်နှယ်ဝမ်းသာနိုင်ပါ့မလား"

စိတ်ပြေပါစေတော့ဟု ဖျောင်းဖျနှစ်သိမ့်ကာမှ ပိုဆိုးနေသည့် ရားကြီးမှာ အူလှိုက်သည်းလှိုက်ငိုကြွေးနေရှာပြန်၏။ ဘုရင် မြတ်လည်း စိတ်မချမ်းမသာ ဖြင့်ပင် မိဖုရားခေါင်ကြီး၏ အဆောင် တော်မှ ထွက်ခွာရန်ပြင်သည်။

"မောင်တော်..သားတော်လေးကို ဘယ်နေ့နန်းတော်က င်မှာလည်းဟင်"

မိဖုရားကြီးက အမောတကောမေး၏ ဘုရင်မင်းမြတ်က က်ပြင်းထပ်ချလိုက်ကာ

"နက်ဖြန်နံနက် မောင်နဲ့ရေမျှောဖို့ စီစဉ်ထားပြီးပြီ နှမတော်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးမှာ ရင်ဝကိုဓားနှင့်ထိုးလိုက်သလို နောက်သို့ ခြေတလှမ်းဆုတ်ကာ ယိုင်နဲ့သွားလေ၏။





## အခန်း (၃)

လှိုင်းပုတ်သံ လေတိုးသံမှလွဲ၍ လှိုင်းကြက်ခွပ်ကလေးများ တူးနေသောရေပြင်သည် ပကတိငြိမ်ဆိတ်လျက်။

ရေစပ်နားသောင်ပြင်ထက်တွင် ရပ်တန့်နေသော လူသုံး ဘက်သည်လည်း အသက်ရှုသံမျှပင်မကြားရသလို တိတ်ဆိတ် သက်ကာ ရေပြင်ကျယ်ကြီးကို ငေးမော ကြည့်ရှုနေသည်။

သို့သော် တစ်ယောက်သောသူမှာတော့ ကြည့်သာကြည့်နေ သော်လည်း သူမျက်လုံးများက ဘာကိုမှမမြင်နိုင်ရှာပေ။

ကမ်းစပ်တွင် ဆိုက်ကပ်ထားသော ဖောင်ကလေးမှာ င်းလေတွန်းထိုးပုတ်ခတ်မှုကြောင့် တငြိမ့်ငြိမ့်လူးလွန့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျေးတောသားအသွင်ဝတ်ဆင်ထားသော လူနှစ်ယောက်သည် မြစ်ပြင်ကျယ်ကြီးကိုတလှည့် ဖောင်ကလေးကိုတလှည့် ငေးမော ကြည့်ရှုနေရာ တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်မိကြသည်။

ထို့နောက် မင်းညီမင်းသားအသွင်ဝတ်ထားသော လုလင်ပျို ကို မဝံ့မရဲလှည့်ကြည့်ပြီး အချင်းချင်းမျက်စပစ်ကြပြန်သည်။ သူပြော… ငါပြောဟု အချင်းချင်းတွယ်ကပ်နေကြခြင်းဖြစ်သည်။

နောက်မှ တစ်ယောက်က

“ဖောင်ပေါ်တက်တော်မူပါ အရှင့်သား… ခုလိုပြောရလို့ ကျွန်တော်မျိုးကြီးတို့ကို ငြိုငြင်တော်မမူပါနဲ့ဘုရား”

“ငါနားလည်ပါတယ် ငယ်ကျွန်ကြီးတို့ရယ်… ကဲမောင်မင်းတို့ ငါ့ကိုဖောင်ပေါ်ကူတွဲတင်ပေးကြပါဦး”

မိမိတို့ အရှင်သခင် ဘုရင့်သားတော်၊ ကိုယ်တော်ကြီး၏ ဖြစ်အင်ဆိုးကို မရှုရက်နိုင်ပေမယ့် ဘုရင်းမင်းတရား၏ အမိန့်တော်မို့ ငယ်ကျွန်ကြီးနှစ်ယောက်မှာလည်း မလွန်နိုင်ဝံ့စွာ ဆောင်ရွက်ရပေတော့မည်။

မင်းသားအား တစ်ဖက်တစ်ချက်စီမှ တွဲကူရင်း ဖောင်ပေါ်သို့ တင်ပေးလိုက်ကြလေ၏။





အားတင်းပြီး တက်ရပေမယ့် ကိုယ်တော်ကြီး၏ ခန္ဓာကိုယ်မှာ သိသိသာသာတုန်ယင်နေသည်။

ယခုပင် သည်မြေ၊ သည်နန်း၊ သည်အရပ်မှ ဝေးရာသို့ သွားရပေတော့မည်။

လောကသတ္တဝါဟူသည်ကား ကံထားရာနေ၊ ကံစေရာသွား၊ ကံညွှန်းရာလိုက်နာကြရမည့်သူများမို့… သူသည်လည်း ကံတရား၏ ဇီရင်ချက်အတိုင်း မလွဲမသွေ ငုံ့ခံရပေတော့မည်။

ဤအတွက် ဘယ်သူ့ကိုမှ အပြစ်မတင်လိုတော့ပါဘူးလေ… သူ့ကံတရားအတိုင်းသာ ရှိပါစေတော့….

ကြံဖန်အားတင်းကာ စိတ်ကိုဖြေနေရသော်လည်း ဝမ်းနည်းမှုက တလိမ့်လိမ့်လှိုက်၍တက်လာ၏။ သူ့မျက်နှာမှာ သိသိသာသာ ညှိုးနွမ်းနေလေတော့၏။

ငယ်ကျွန်တော်ကြီးနှစ်ဦးမှာ မိမိတို့အရှင်သခင်အတွက် စိတ်မကောင်းဖြစ်မိကြသော်လည်း သူတို့အဖို့ရာ ဘာမှမတတ်နိုင်တော့သည်မို့ ဖောင်တော်ကိုရေမျှောရန် ပြင်ရတော့သည်။

နှစ်ယောက်သား ဖောင်စွန်းတစ်ဖက်ဆီကိုင်၍ ဖောင်ကို ရေလယ်သို့ရောက်အောင်မျှော၍ တွန်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖောင်ကြီးတရွေ့ရွေ့မျောနေသည်နှင့်အမျှ သူတို့ရင်ထဲမှာလည်း တမြေ့မြေ့..၊ ပုန်းစွန်းနှင့် မျက်ရည်သုတ်သူသုတ်၊ တိတ်တိတ်ကျိတ်ရှိုက်သူရှိုက် ဖြစ်နေကြသည်။

သူတို့ ခါးလယ်လောက်အထိ ရေအနက်ရောက်လာပြီဖြစ်သည်။ နှစ်ယောက်သားအချင်းချင်း ခေါင်းဆတ်ပြလိုက်ပြီး ဖောင်ကို တွန်းလွှတ်ရန် ပြင်လိုက်သည်။ ထိုအခိုက် အဝေးဆီမှ လွင့်ပျံလာသော အသံတစ်ခု။

အသံသည် တစ်စတစ်စ ပို၍ကျယ်လောင်ပြတ်သားလာသည်။

"ငံ့ကြပါဦး၊ ငံ့လင့်ကြပါဦး"

အော်သံနှင့်အတူ ဟိုအဝေးသောင်ကမ်းစပ်ပေါ်မှ ပြေးလာနေသော လူတစ်ယောက်။

ထိုသူမှာ အခြားမဟုတ် မိဖုရားခေါင်ကြီးပင် ဖြစ်တော့သည်။

"သားတော်လေး... သားတော်လေးကို ရေမမျှောကြပါနဲ့ဦး၊ သားတော်ရေ မယ်မယ်လာပြီ မယ်မယ်ရောက်လာပြီ"

မယ်တော်အသံကို ကြားလိုက်ရသဖြင့် ကိုယ်တော်ကြီးမှာ အသံလာရာဆီမှန်းဆ၍ မျက်နှာလှည့်ကာ ပြောလိုက်၏။





"မယ်မယ်ဘုရား... ဘာလို့လိုက်လာတာလဲ မယ်တော်ဘုရားရယ်"

"လိုက်လာရတာပေါ့သားတော်ရယ်.... ကိုယ်သားတော်တစ်ယောက်လုံး ဆုံးရှုံးလိုက်ရတော့မယ့်အရေးကို မယ်မယ်ဘယ်လိုလုပ်ပြီး ငြိမ်ငြိမ်ဆိတ်ဆိတ်ကြည့်နေနိုင်မှာလဲ သားတော်ရယ်၊ မယ်မယ်ရင်မှာ မချိအောင်ခံစားနေရပါတယ်ကွယ် ဟဲ့.. ကျေးကျွန်တော်တွေ ငါ့သားတော်ကို ဖောင်ပေါ်က ပြန်ဆွဲတင်ပေးစမ်း... ဘာရပ်ငေးနေတာလဲ"

မိဖုရားခေါင်ကြီးက အော်ခေါက်လိုက်ရာ ယေကျွန်ကြီးနှစ်ဦးမှာ တုန့်တုန့်လှုပ်လှုပ်ဖြစ်သွားကြသည်။ ရေထဲမှနေ၍ မိဖုရားခေါင်ကြီးဆီ လက်အုပ်ချီမိုး၍ ကြောက်ကြောက်ရွံ့ရွံ့ ပြန်လျှောက်တင်လိုက်သည်။

"သည်းခံတော်မူပါဘုရား.... ကျွန်တော်မျိုးကြီးတို့ကို သနားတော်မူပါ.. အရှင့်သားကို ဖောင်ပေါ်က ပြန်ဆွဲတင်ရင် ဘုရင်မင်းမြတ်အမိန့်ကို လွန်ဆန်ရာရောက်မှာမို့"

"တိတ်စမ်း စကားရှည်လိုက်တာ... အခု ငါ့သားတော်ကို ကမ်းပေါ်ပြန်တင်ပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com

ငယ်ကျွန်ကြီးနှစ်ဦးမှာလည်း နီးရာဓါးကိုကြောက်ရသူများမို့ ချက်ချင်းဖောင်ကို ကမ်းပေါ်ပြန်တင်ရန် ပြင်လိုက်ကြသည်။

"မောင်မင်းတို့ ဖောင်ကိုမဆွဲကြပါနဲ့တော့"

မင်းသား၏ တားမြစ်သံက ပေါ်လာပြန်၏။ ငယ်ကျွန်ကြီး နှစ်ဦးမှာ ဘာလုပ်ရမည်မှန်းမသိ ဖြစ်နေကြသည်။

"မယ်တော် သားတော်ကို အသက်တမျှ ချစ်မြတ်နိုးတာ သားတော်သိပါတယ် ဒါပေမယ့် သားတော်ရယ် ကံပါရင် ရှောင်လွှဲလို့ မရသလို၊ ကံရှိရင်လဲ တားမြစ်လို့မရပါဘူး... သားတော်ရဲ့ ကံကြမ္မာ က ဒီလိုဖြစ်စေတော့လို့ ညွှန်းဆိုလာတော့လဲ သားတော်နာခံရတော့မှာ ပေါ့... မယ်တော်ဘုရား"

"သားတော်ရယ် ကံဆိုးလိုက်တဲ့ သားတော်လေးရယ်"

မိဖုရားကြီးမှာ မချိတင်ကဲ ရေရွတ်မိလိုက်သည်။

" မယ်တော်မှတ်မိသေးလားဟင် သားတော်မွေးတုန်းက ဒီတိုင်းပြည်ရဲ့ ကေရာဇ်ဖြစ်ပြီး အသက် ၉၀ ကျော်အထိ အုပ်စိုး ရမယ်လို့ ပုရောဟိတ်တွေ ဟောခဲ့တယ်မဟုတ်လား... သားတော် ယုံပါတယ်... အဲဒီအတိုင်း တစ်နေ့ဖြစ်လာမယ်လို့ သားတော်ယုံကြည် နေတယ်... မယ်တော်လဲ ယုံကြည်ပေးပါ"





"သားတော်ရယ် မယ်တော် ဘယ်လိုပြောရပါ့မလဲ"

မိဖုရားကြီးမှာ အရာရာကို အကောင်းမြင်ရှုထောင့်မှ ကြည့် တ်ပြီး၊ မိဘစိတ်သက်သာရစေမည့် ဖျောင်းဖျနှစ်သိမ့်တတ်သော သားလိမ္မာကို မစွန့်ပစ်ရက်နိုင်စွာ သည်းသည်းခိုက်ခိုက်ငိုကြွေးပူဆွေး နေရှာ၏။

"ကဲ..ကဲ မောင်မင်းတို့ အချိန်မလင့်ခင်လေး ဆောင်ရွက် ရာရှိတာ ဆောင်ရွက်ကြချေတော့"

မင်းသား၏ စကားဆုံးတော့ ငယ်ကျွန်နှစ်ယောက်လည်း ဖောင်စွန်းတစ်ဖက်စီမှ ကိုင်၍ အားစိုက်တွန်းလွှတ်လိုက်ကြလေတော့ သည်။ မျက်မမြင်မင်းသားကို သယ်ဆောင်သွားသော ဖောင်ကလေး မှာ ရေစီးကြောင်းအတိုင်း တရွေ့ရွေ့မျောပါသွားလေ၏။ ကမ်းစပ်မှ မိဖုရားခေါင်ကြီးမှာ ပူပင်လယ်ဗွေလှိုင်းဆောင်ဘင်ဝေတက်လာရာမှ သောကလှိုင်းတို့တားမနိုင်ဆီးမရ ကြွတက်လာသလို သည်းအူပြတ်မျှ ငိုကြွေးရင်း ကျန်ရစ်ခဲ့ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မိုးစီ မိုးစီနှင့် တေးဆိုငှက်တို့၏ သီချင်းသံနှင့်အပြိုင် ကြည်လင်ရှိုသာ၍ သာယာနာပျော်ဖွယ်ကောင်းသော သီချင်းသံလေးတောအုပ်ကလေးအတွင်းမှ လွင့်မျှ၍ လာနေ၏။

မယ်ကာကာ သီချင်းလေးတကြော်ကြော်ဆိုရင်း မြစ်ဆိပ်သို့ရောက်လာခဲ့ခြင်း ဖြစ်သည်။

အရင်ကဆို ဒီလို သီချင်းတကြော်ကြော် မဆိုရဲပေါင်။ သူမအသံက အရမ်းနားထောင်ကောင်းတော့ ကြားမိသူတိုင်း စိတ်ဝင်စားကြတယ်လေ… အဲဒါနဲ့ လူကိုလာကြည့်မိရင် လန့်သွားတတ်ကြတယ်။





အခုက ဝေလီဝေလင်း အစောကြီးမို့ ဘာရသေ့နိုင်းထားတဲ့ ထင်းခွေ၊ရေခပ်၊ အဝတ်လျှော်စတဲ့ ဟာဟီရကိစ္စတွေကို ဆောင်ရွက်ဖို့မှာ မြစ်ကမ်းစပ်ဆီသို့ သူမရောက်လာခဲ့သည်။

ပထမဦးဆုံး ဘာရသေ့ရဲ့ သစ်ခေါက်ဆိုးသင်္ကန်းတွေကို လျှော်ဖွပ်ရန်ရေစပ်အေး ကျောက်တုံးလေးပေါ်မှာ သူမနေရာယူလိုက်၏။

သီချင်းတအေးအေးဖြင့် သင်္ကန်းတွေကိုဖွပ်ရိုက်လျှော် နေစဉ်မြစ်ထဲဟိုးအဝေးမှာ မည်းမည်း မည်းမည်းနဲ့ တလှုပ်လှုပ်ရွေ့လာတဲ့ သဏ္ဍာန်တစ်ခုကို မယ်ကာကာ အမှတ်မထင် မြင်မိသွားသည်။

“အာပါလီမ့်”

နဖူးပေါ် လက်ကလေးကာရင်းသဏ္ဍာန်ကို စူးစိုက်ကြည့်မိသည်။ မြင်ကွင်းတစစ နီးကပ်လာသည်နှင့်အမျှ သဏ္ဍာန်မှာပို၍ ထင်ရှားလာ၏။ တလှုပ်လှုပ်နှင့် ရွေ့လာနေသော လှေတစ်စီး၏ သဏ္ဍာန်။

“အို… ငါးဖမ်းထွက်လာတဲ့လှေများလား…။ ဟင်.. ဒါဆို မဖြစ်ဘူး ငါ့ကိုမြင်သွားဦးမယ်.. ပုန်းမှ ပုန်းမှ”



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီးဖြင့် မယ်ကာကာ မှာ ရှောင်ပြေးပုန်းရန်နေရာရှာလိုက်၏။ သစ်ပင်တစ်ပင်၏ အကွယ်တွင် ဝင်ပုန်းရင်း သူမရှိရာအရပ်ဆီ ဦးတည်လာနေသောလှေကို စူးစမ်းကြည့်နေမိသည်။

တဖြည်းဖြည်းနီးကပ်လာသည့်အရာမှာ လှေမဟုတ်ပဲဖောင်ကြီးတစ်ခုဖြစ်နေသည်ကို အံ့အားသင့်ဖွယ် တွေ့ရလေ၏။

ဖောင်ပေါ်မှ အသံသဲ့သဲ့ကြားနေရသည်။

"ကယ်ပါ၊ ကယ်ကြပါ"

ရုတ်တရက်မို့ မယ်ကာကာမှာ အံ့သြကြောင်ငေးသွားသည်၊ အသံမှာ ဒုက္ခတွေ့နေသူတစ်ဦး ကူကယ်ရာမဲ့စွာ ဟစ်ကြွေးမြည်တမ်းနေပုံမျိုး ဘယ်လိုဒုက္ခသည်များပါလိမ့်…

သိလိုစိတ်ဖြင့် စူးစမ်းမိပြန်သည်။

" အနားမှာ လူမရှိကြဘူးလား၊ ကယ်ကြပါ ကယ်တော်မူကြပါ"

ယောကျ်ားတစ်ယောက်၏ အသံပါ။ လူကိုတော့ မမြင်ရသေး။ ဘုရားရေ.. သူမ ဘာလုပ်ရမည်လဲ..

ဒီအတိုင်းလွှတ်ပေးလိုက်ရင် မကြာမီ ပင်လယ်ထဲမျောပါသွားတော့မည်။





အသံရှင်သည် သနားစဖွယ်ကောင်းလောက်အောင် တစာစာ…စ်အကူအညီတောင်းနေသည်။

နှလုံးသားပျော့ပျောင်းသူ မိန်းမသားမို့ ရုတ်ခြည်းသနားစိတ် …ဝိတ်လှုံလာ၏။ ဘာပဲဖြစ်ဖြစ်လေ ဒုက္ခတွေ့နေသူကို ကယ်…င်းပါရဲ့။ ဆုံးဖြတ်ချက်ဖြင့် မယ်ကာကာသည် သူ့မျက်နှာကို …ရစေအောင် တဘက်ဖြင့် ခေါင်းမြီးခြုံ ပေါင်းထားလိုက်သည်။

ထို့နောက် ပုန်းကွယ်ရာမှထွက်၍ ရေထဲသို့ ကပျာကယာ…င်းလိုက်သည်။ ဖောင်စွန်းနားအကွယ်လေးမှ လှေပေါ်သို့ မဝံ့မရဲ…င်းကြည့်မိသည်။

စားဖွယ် သောက်ဖွယ် အသုံးအဆောင်ပစ္စည်းတွေက စုံစုံ…င်လင်ရှိလှသည်။ ဟော ဟိုမှာ လူတစ်ယောက်ထိုင်နေပါလား။

ဘေားတစောင်းထိုင်လျက်နေသော်လည်း သူမအား မမြင်ပုံမရ…ဖြင့် မယ်ကာကာ ဝံ့ဝံ့ရဲရဲအကဲခတ်လိုက်သည်။

အဖိုးတန်ဝတ်ကောင်းစားလှများဖြင့် တင့်တယ်လှသော…ယောကျ်ားတစ်ယောက်။ အလို သူ့ဥပမိရုပ်က တည်ကြည်ခန့်ငြားလွန်း…သည်လား။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း သူမတစ်ခါတစ်ရံ မြင်ဖူးတွေ့ဖူးသည့် ယောကျ်ား
တွေနှင့် လုံးဝခြားနားသော ရုပ်ဆင်းအင်္ဂါနှင့် ဝင်းဝါစိုပြေသောအသား
အရေ၊ နီထွေးသောနှုတ်ခမ်း၊ နက်မှောင်သောမျက်ခုံးမျက်စ၊ ချောမွတ်
ပြေပြစ်သောနှဖူး

အို… ကြည့်လေ… ကြည့်လေ ချောမောခန့်ငြားသောအသွင်
က ထင်းကနဲလင်းကနဲ ပေါ်လာလေပါပဲလား။

လူမှဟုတ်ပါလေစ၊ နတ်သားလေးတစ်ပါးများလား။

"အနားမှာ လူရှိနေသလား… ဟင်"

အသံကြောင့် မယ်ကာကာမှ ရုတ်တရက်လန့်ဖြတ်သွားကာ
ဖောင်စွန်းနှင့် ကွယ်ကာနေလိုက်သည်။

"ဘယ်သူရှိနေတာလဲဟင်၊ ကျုပ်ကိုကယ်ပါဦး"

မယ်ကာကာ မျက်လုံးတစ်ဖက်ဖော်ပြီး ချောင်းကြည့်လိုက်
သည်။ ထိုယောကျ်ားမှာ ဟိုဟိုဒီဒီငေးငေးရှာနေသော်လည်း သူမကိုမြင်ပုံ
မရပေ။

အို…သူ့မျက်လုံးတွေ… မျက်လုံးတွေကြောင်တောင်တောင်နဲ့
ဘုရားရေ ဒီလူ ကန်းများနေလား။





သေချာကြည့်လေ အလှုပ်အရှားမရှိ တစ်နေရာထဲစိုက်နေ
သော မျက်ဆန်ကိုတွေ့ရလေ၏။

အို…ဒီလူဟာ မျက်စိနှစ်ကွင်းအလင်းမရရှာသူပဲ။

သူမနားလည်လိုက်ပါပြီ။ မျက်မမြင်ဒုက္ခိတ ထိုယောကျ်ားကို
ကရုဏာသက်စိတ်က သူမရင်ထဲ တစိမ့်စိမ့်စီးဝင်သွားသည်။

"ဟို…ဘာလိုချင်လို့လဲဟင်"

တုန်တုန်ယင်ယင် အသံလေးဖြင့် သူမမေးမိသည်။

ဖျတ်ခနဲမြူးပျော်သွားသော ထိုယောကျ်ားမှာ သူမအသံလာ
ရာဆီသို့ လှည့်၍

"ကျုပ်… ကျုပ်ရေဆာလို့ပါ… ရေတကောင်းကို လမ်းမှာ
ကျုပ်လက်နဲ့တိုက်ချမိလို့ ရေထဲကျသွားတယ်။ ရေသောက်ချင်လို့
ရေလေးနည်းနည်းလောက် တိုက်ပါလားခင်ဗျား"

"တိုက်ပါမယ်… မောင်ကြီး… မောင်ကြီးရဲ့ ဖောင်ကို
ကမ်းပေါ်ဆွဲတင်လိုက်ဦးမယ်… ခဏလောက်စောင့်ပါနော်"

မယ်ကာကာ က ပြောပြောဆိုဆိုဖြင့် ဖောင်ကို ကမ်းစပ်သို့
ဆွဲယူလိုက်သည်။ ပြီးနောက် ကမ်းပေါ်သို့ အပြေးအလွှားတက်၍
သူမ၏ဖူးသီးခြောက် ရေတကောင်းနှင့်ထမင်းထုတ်ကိုယူကာ



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ပေါ်မှ မောင်ကြီးကို ပေးလိုက်၏။

မောင်ကြီးမှာ သူမလေးသောရေကို အငမ်းမရ ကုန်စင်အော
သောက်နေသည်။

"အမလေး... ခုမှပဲ ရေငတ်ပြေသွားတယ်"

"မောင်ကြီး.. ဟောဒီမှာ ထမင်းထုပ် စားလိုက်ပါဦး"

မယ်ကာက ထမင်းထုပ်ကို ဖြည်၍ မောင်ကြီးရဲ့လက်
ထည့်ပေးလိုက်သည်။ မောင်ကြီးက ဟန်မဆောင်ဘဲ အားပါးတရ
နေတာကို ကြည့်၍သူမကြည်နူးနေမိသည်။

"မသိုးထမင်း မသိုးဟင်းတွေပဲစားလာရတာ... အခု
လူလူ သူသူ ထမင်းစားရတာ စားကောင်းလိုက်တာ နှမရယ်"

ပြောလဲပြော ပါးစပ်ထဲကိုလည်း ထမင်းအလုတ်ကြီး က
ကျုံးထည့်ဝါးနေသော မောင်ကြီးအသွင်က ပီတိကလေးယ
ယောက်လို

"ကျေးဇူးတင်လိုက်တာ နှမရယ်.. ကျုပ်မှာနှမကယ်
အသက်ပဲရှိပါတော့တယ်"

မောင်ကြီးရဲ့ ကျေးဇူးစကားကို မယ်ကာက ပြုံးပြုံးလေ
နားထောင်နေမိသည်။





"ထမင်းစားပြီးတော့ ကျုပ်မျက်လုံးတွေစင်းလာပြီ.. ကျုပ်
အောက်အိပ်ပါရစေနော်"

"အိပ်ပါ· အိပ်ပါ နှမလဲ လုပ်စရာရှိတာလေးတွေ လုပ်လိုက်
ယ်၊ အိပ် အိပ်မောင်ကြီး"

မောင်ကြီးတစ်ယောက် ဖောင်ပေါ်မှာ ခွေခွေလေးအိပ်ပျော်
တုန်း မယ်ကာက ကဖောင်နားမှ လှစ်ခနဲ ပြန်ထွက်လာခဲ့လေ၏။

သူမအဖို့တော့ ဒီနေ့လေးဟာ စိတ်ချမ်းမြေ့စရာ အကောင်း
နေ့ဟု ဆိုလိုက်ချင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

သူ့နာမည်က မောင်ကြီးသုတဲ့။

မောင်ကြီးသု နှင့် နှမလေး မယ်ကာက။

ဤသို့နှယ် အပြန်အလှန်ခေါ်ရင်း ခင်မင်ရင်းနှီးမှုက ရစ်တိုးတွယ်ငင်လာသည်။

မောင်ကြီးသည် မယ်ကာက၏ ဘဝထဲသို့ မထင်မှတ်ဘဲ ရောက်လာခဲ့သလို တစ်ကိုယ်တည်း ခြောက်သွေ့ငြီးငွေ့ဖွယ်ကောင်းသော သူမမူပိုင်နေ့ရက်များကို ပျော်စရာအတိပြီးသော ချမ်းမြေ့ဖွယ်နေ့တွေအဖြစ် သက်ဝင်လန်းဆန်းစေခဲ့သူဖြစ်သည်။ မောင်ကြီးနှင့် တွေ့ဆုံ





ခဲ့ခြင်းသည် ဘုရားပေးသောဆုလဒ်ဟုသာ မယ်ကာက ဆိုချင်ပါသည်။ မောင်ကြီးသည် သူမအတွက်တော့ ရွှေမင်းသား လေးငွေမင်းသားလေး အဲ..အဲ မိုးပေါ်ကကျလာတဲ့ နတ်သားရုပ်ကလေးပေါ့။

အဲ့ဒီနတ်ရုပ်ကလေးကိုပဲ သူမက နေ့စဉ်နေ့တိုင်း ဘုရားကျောင်းသခ်ိန်းက ထွက်လာပြီဆိုတာနဲ့ ထမင်းထုပ်တစ်ထုပ်အပိုပါလာပြီး ကျွေးရ၊ ဝေယျာဝစ္စတွေ လုပ်ပေးရနဲ့ ပြုစုရရှာတာ....

ဒါကိုပဲ မယ်ကာကမှာ ပီတိထူးကြီးကို ဖြစ်လို့...

တစ်ခုတော့ စိတ်မကောင်းဖြစ်မိသည်။ နတ်ရုပ်လေးက မျက်စိနှစ်ကွင်း အလင်းမရရှာတဲ့ သနားစဖွယ် လူသားလေးဖြစ်နေသည်။

မယ်ကာကမှာတော့ သနားဂရုဏာသက်စိတ်တွေ တဖိတ်ဖိတ်လျှံလို့ မောင်ကြီးသု မျက်စိနှစ်ကွင်းအလင်းပြန်ရအောင် တောထဲက ဆေးမြစ်တွေရှာပြီး ကုသပေးပြန်တယ်။

ဘုရားသေ့ ခိုင်းထားတဲ့အလုပ်တွေလည်း တချက်မှမလစ်ဟင်းသလို မောင်ကြီးကို ပြုစုကုသပေးဖို့ကိုလည်း မပျက်မကွက်စေရအောင် တစ်နေ့တစ်နေ့ မအားလပ်အောင် ဖြစ်ခဲ့ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မယ်ကာက ပျော်ပါတယ်။

အလုပ်တွေ မအားလပ်အောင်လုပ်ရလို့ မောနေရင် မောင်ကြီး မျက်နှာကြည့်လိုက်ရုံနဲ့ အမောပြေသွားရော….

မောင်ကြီးဟာ မယ်ကာကအတွက်တော့ ရင်အေးစရာ အမောပြေဆေးလေးပေါ့။

မောင်ကြီးမျက်စိမမြင်တာကို မယ်ကာက ကျိတ်ပြီး ဝမ်းသာမိသေးတယ်၊ ဝမ်းမသာသင့်ပေမယ့် မယ်ကာက အတွက်တော့ ကောင်းတာပဲပေါ့။

မမြင်နိုင်တဲ့ မောင်ကြီးရဲ့ မျက်လုံးတွေက မယ်ကာက မျက်နှာကို ကြည့်ခွင့်မရတော့ဘူးလေ..

မယ်ကာက ရုပ်ဆိုးပါတယ်။ သရဲတမျှ ရုပ်ဆိုးလှတဲ့ မယ်ကာကရဲ့ မျက်နှာကို မောင်ကြီးမြင်ရင် ခုလိုပဲ မယ်ကာကကိုခင်ချင်ပါဦးတော့မလား… မမြင်တာပဲကောင်းပါတယ် မောင်ကြီးရယ်။

အို အဲဒီလိုဆိုရင် မယ်ကာက အတ္တကြီးလွန်းရာကျသွားမလားဟင်.. အို. မောင်ကြီးရဲ့ မျက်စိတွေကို ပြန်မြင်စေချင်ပါတယ်… မယ်ကာကရဲ့ရုပ်ရည်သွင်ပြင်ကလွဲပြီး လောကရဲ့အလှအပ အရာအားလုံးကို မြင်စေ့ချင်ပါတယ်…





မောင်ကြီးရဲ့မျက်လုံးတွေ အလင်းမရသေးခင်အထိတော့ မောင်ကြီးနဲ့ မယ်ကာကတို့ ရင်းနှီးခင်မင်မှုက ရှိရင်းစွဲပဲပေါ့။

မောင်ကြီးမျက်လုံးတွေ မြင်လာမယ့်တစ်နေ့ကျရင်တော့… မတွေးရဲဘူးမောင်ကြီးရယ်… မတွေးတာပဲ ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

ထိုနေ့သည် ထူးဆန်းသောနေ့တစ်နေ့ဟုသာ သတ်မှတ်ရပေလိမ့်မည်။

မမျှော်လင့်ထားသောအဖြစ်သနစ်ကို မမျှော်လင့်ပဲ လက်ခံလိုက်ရသည့်နေ့ ...

ထိုနေ့က... ထိုနေ့မှာ

"နှမလေးကို မောင်ကြီးတစ်ခုပြောမယ် စိတ်မဆိုးရဘူးနော်"

ထိုသို့ မောင်ကြီးစကားဦးသန်းလာကတည်းက သူမရိပ်မိဖို့ကောင်းသည်။ အရိုးခံလေး သူမကတော့ သူတစ်ပါးရဲ့ စိတ်သဏ္ဍာန်





ထို အကဲခတ်သိရှိနိုင်ဖို့ဝေးစွ၊ ဘယ်လိုစကားမျိုးပြောရင် ဘာသဘောသက်ရောက်တယ်ဆိုတာ နားမလည်နိုင်အောင် နုံအညံ့ဖျင်းခဲ့သည်။

"မောင်ကြီးက ဘာပြောမှာမို့လို့ နှမလေးက စိတ်ဆိုးမှာလဲ.. မောင်ကြီးဘာပြောပြော ဘာလုပ်လုပ်နှမလေး စိတ်မဆိုးပါဘူး မောင်ကြီးရယ် ပြောမှာသာပြောစမ်းပါ"

ဟု မယ်ကာက စိတ်ရင်းခံအတိုင်း ပြန်ပြောမိသည်။

မောင်ကြီးမျက်နှာတွင် အပြုံးရိပ်ကလေးစွန်းထင်းလာတာကို မောင်ကြီးမျက်လုံးတွေကို ဆေးကွင်းပေးနေရင်းမှ မယ်ကာက မြင်လိုက်ရသည်။

"အဲဒီအပြောလေးတွေနဲ့ မောင်ကြီးကို ရူးအောင်လုပ်နေတာလားမိန်းကလေးရယ်"

"အို..မောင်ကြီး ဘယ်လိုပြောလိုက်တာလဲ နှမလေးက မောင်ကြီးကို ဘာဖြစ်လို့ ရူးအောင်လုပ်မှာလဲ... အထင်မလွဲပါနဲ့ မောင်ကြီးရယ် မောင်ကြီးမျက်စိပြန်မြင်ရအောင် ဘရသေ့သင်ပေးထားတဲ့ ဆေးပညာနဲ့ ဆေးကုပေးနေတာပါ... မောင်ကြီးကို[redacted]မလှူပါဘူး ယုံပါမောင်ကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



မယ်ကာကာ၏ ပျာပျာသလဲတောင်းပန်မှုကြောင့် မောင်ကြီး သူတကာ ဟက်ဟက်ပက်ပက်ရယ်ပါတော့သည်။

"ဩော်... ခက်တော့တာပဲကွယ်.. မောင်ကြီးပြောတာ သဘောမပေါက်ဘူးလား အအမလေးရဲ့"

"ရှင်.. နှမလေးနားမလည်ဘူး မောင်ကြီး ဘာတွေပြောနေ တာလဲဟင်.. တည့်တည့်သာပြောပါတော့ အ,တယ်ပြောပြော တာကယ့်သဘောကိုမပေါက်ဘူး မောင်ကြီးရဲ့"

"ကဲ...တည့်တည့်ပြောမှ သိမယ်ဆို တည့်တည့်ပဲပြောတော့ မယ် ကျုပ်မယ်မင်းလေးကို ချစ်မိနေပြီဗျ.. ကဲ သိပြီလား"

"အို"

မိုးကြိုးများပစ်လိုက်သလား၊ ကမ္ဘာကြီးတုန်ဟည်းသွား သလား မသိ သူမနားထဲမှာတော့ အကျယ်ကြီးကြားလိုက်ရသည်။ တုန်လှုပ်တကြီးဖြစ်သွားရသည်။ မောင်ကြီးက ချစ်တယ်တဲ့... သူမကို သူမကို ချစ်မိနေပြီတဲ့...

ဘုရား... ဘုရား... အိပ်မက်များ မက်နေသလောလား...

"နှမလေး... မောင်ကြီးကို စိတ်ဆိုးသွားတာလားဟင်"





မယ်ကာကာမှာ ဘာမှပြန်ဖြေရမည်မသိဘဲ မောင်ကြီးမျက်နှာ ကို တအံ့တသြစိုက်ကြည့်နေမိသည်။

"အသံတိတ်သွားပါလား နှမလေး မောင်ကြီးကို စကား ဆောင် ပြန်မပြောချင်တော့ဘူးပေါ့.. မောင်ကြီးတောင်းပန်ပါတယ်.. မောင်ကြီးလေ စိတ်ထဲမှာမမျိုသိပ်နိုင်တော့လို့ ပြောမိတာပါကွယ်... မောင်ကြီးကို စိတ်ဆိုးသွားပြီလားဟင်.. ခွင့်မလွှတ်နိုင်တော့ဘူးလား... ပြောပါဦးနှမလေးရယ်.."

မယ်ကာကာ ရင်တွေ တလှပ်လှပ်နှင့် ခုန်လာသည်။

အို... သူတကယ်ပြောနေတာပဲလား။

နောက်ပြောင်ကျီစယ်နေတာတော့ ဟုတ်ဟန်မတူပေ။

တလေးတနက်ရှိလှသော မောင်ကြီးမျက်နှာအမူအရာက မယ်ကာကာ ရင်ကိုတဒိတ်ဒိတ်လှိုက်ဖိုစေသည်။

မယ်ကာကာက အနည်းငယ်တုံ့ဆိုင်းနေပြီးမှ သက်ပြင်းမော လေး မသိမသာချမိသည်။

"မောင်ကြီးကို ဘယ်တော့ဖြစ်ဖြစ် စိတ်မဆိုးပါဘူးလို့ ပြောပြီး ပါပကောမောင်ကြီးရယ် ဒါပေမယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘာဖြစ်လဲဟင်"

မောင်ကြီးအသံက အလေးတကြီးနိုင်သွားသည်။ မယ်ကာကာက မောင်ကြီးမျက်နှာကို ခပ်ဝေဝေလေးစိုက်ကြည့်လိုက်ပြီး

"နှမလေးရဲ့ ရုပ်ရည်အဆင်း ဘယ်လိုရှိတယ်ဆိုတာ မသိပဲနဲ့ များ နှမလေးကို ချစ်တယ်တဲ့လား..စဉ်းစားပါဦးမောင်ကြီးရဲ့ တော်ကြာ ရုပ်ဆိုးမကို ကြိုက်မိလို့ မောင်ကြီးနောင်တရနေပါဦးမယ်"

"ဒီလိုမပြောပါနဲ့ကွယ်"

မောင်ကြီးက သူမနှုတ်ခမ်းများဆီသို့ စမ်း၍လက်ဖျားဖြင့် တို့ထိပိတ်စေလိုက်သည်။

"မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တဲ့အချစ်မှာ ရုပ်ရည်ရူပကာ ချောခြင်း ရုပ်ဆိုးခြင်းနဲ့ မဆိုင်ပါဘူး.. နှလုံးသားက အမှန်တကယ် မြတ်နိုးရင်ခုန်မှုနဲ့ပဲ ဆိုင်ပါတယ်ကွယ်... မောင်ကြီးကလေ နှမလေး ရဲ့ရုပ်ရည် ဘယ်လိုပဲဖြစ်ဖြစ်ချစ်မှာ ဒီအသံလေးနဲ့ဒီစိတ်ထားလေးကို မြတ်နိုးတာ သိရဲ့လား"

"သြော်... မောင်ကြီးရယ်"

မောင်ကြီးရဲ့စကားတွေက အမှန်တွေ ဖြစ်ပါစေလို့ နှမလေး ဆိုတောင်းမိပါရဲ့...





ဟောဒီရုပ်ဆိုးမကိုချစ်တဲ့မောင်ကြီးရဲ့ အချစ်တွေ ထာဝရ မပြောင်းလဲပါစေနဲ့လို့ နှမလေးအထပ်ထပ်အခါခါ ဆုတောင်းလိုက်ပါ တယ်ကွယ်။

"ဟိတ်... အသံဘာလို့တိတ်သွားပြန်တာလဲ... မောင်ကြီး ကို မယုံလို့လားဟင်"

"မဟုတ်ပါဘူး... ယုံ..ယုံပါတယ်"

"ဒါဆို မောင်ကြီးကိုချစ်တယ်ပေါ့နော်"

"အို"

"ဖြေပါဦး နှမလေးရဲ့"

မယ်ကာကာ၏ ပုခုံးစွန်းနှစ်ဖက်ကိုကိုင်လှုပ်၍ မောင်ကြီးက မေးနေသည်။ မယ်ကာကာ ရှက်ပြုံးလေး ပြုံးရင်း ခေါင်းကိုသာ အတင်း ငုံ့ထားလိုက်မိပါတော့သည်။

မောင်ကြီးမျက်လုံးတွေ မမြင်ရပေမယ့် နှမလေးရဲ့ ရင်ထဲက မောင်ကြီးအပေါ်ချစ်တဲ့ အချစ်တွေ ထုထည်နိုင်မာပြီးသားဆိုတာ မောင်ကြီး သိလောက်ပါရဲ့နော်..

နှုတ်က ချစ်တယ်လို့ ဖွင့်ပြောရမှာ.. ရှက်တယ်ကွယ်။

မောင်ကြီး.. သိနေမှာပါနော်...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

အိုးချင်းထားတော့ အိုးချင်းထိတယ်၊ ကြိုးချင်းထားတော့ ကြိုးချင်းငြိတယ်တဲ့ ဆိုရိုးစကားရှိပါရဲ့။

အနေတွေ နီးစပ်တော့ ယောကျ်ားနဲ့ မိန်းမ၊ ဖိုနှင့်မ သဘာဝ ငြိလေ ထိလေပြီ။

မယ်ကာကတစ်ယောက် ဘရသေ့ဆီမပြန်တာ တော်တော် တောင်ကြာခဲ့ပြီဖြစ်သည်။ မောင်ကြီးနှင့်နှစ်ကိုယ်တူ ဘဝလေးဖယ် သူမပျော်မွေ့နေသည်မှာ ရက်လတွေကြာညောင်းလို့ နှစ်တွေပင်ပြောင်း နဲ့ပါပြီကော။





ခုဆို မောင်ကြီးနဲ့ သူမတို့ရဲ့ ရင်သွေးလေးကိုတောင် ရင်မှာ ပွေ့ယ်ပိုးထားရပြီပဲ…

မောင်ကြီး၏ ချစ်မေတ္တာရေစင်နှင့် ဖျန်းပက်မှုကြောင့် သူမ ဘဝလေးလည်း စိုပြေလတ်ဆတ်ခဲ့ရသည်။

ချမ်းမြေ့ပျော်ရွှင်ခဲ့ရသည်။

မေတ္တာသည် ရောင်ပြန်တတ်တဲ့ သဘောရှိသည်ဆိုလျှင် သူမ၏ကြီးမားသောချစ်ခြင်းမေတ္တာတို့ကြောင့် မောင်ကြီး၏ချစ်ခင် ကြင်နာမှုကို ပြန်လည်ရရှိခဲ့တာပဲ ဖြစ်ပေလိမ့်မည်။

"မောင်ကြီးသည်သာ သူမရဲ့ဘဝ၊ သူမရဲ့အရှင်သခင်၊ သူမရဲ့ ကိုးကွယ်ရာ၊ သူမရဲ့ နှလုံးသည်းပွတ်…"

ဒီလိုဆိုလိုက်တော့ မောင်ကြီးမျက်နှာ ကြည်နူးစိတ်နဲ့ ပြုံးမြမြ လေးဖြစ်လို့နေပါသည်။

"မောင်ကြီးကို သိပ်ချစ်တာပဲလားဟင်"

"အို‥ချစ်တာပေါ့‥ ရှုံးမတတ်အောင်ကိုချစ်တယ်… ကိုစိအောက်ကအမျောက်မခံနိုင်အောင်လို့ ဘရသေ့ဆီမပြန်တော့တာပဲ ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ....ဟုတ်ပါပြီ..မောင်ကြီးယုံပါတယ်... ဘရသေ့ဆီ
ပြန်ချင်တယ်ဆို ရင်သွေးလေးမွေးပြီးတော့မှ သွားကြတာပေါ့...
မောင်ကြီးတို့ကလေးကို ပြရင်းနဲ့လေ"

"ဟုတ်ကဲ့ပါ မောင်ကြီးရဲ့"

"ဒါနဲ့ နှမလေးရဲ့ ကိုယ်ဝန်က မွေးဖွားဖို့နီးပြီထင်တယ်နော်"

"ဟုတ်တယ် မောင်ကြီး... ခုဆို..ကိုးလထဲရောက်နေပြီ"

"ဒါဆို သားယောကျ်ားလေးများ ဖြစ်မလားမသိဘူးနော်"

"အို... မောင်ကြီးကလည်း သားဖြစ်ဖြစ် သမီးဖြစ်ဖြစ်ပေါ့
ဘာဖြစ်လို့ရွေးနေရတာလဲလို့"

"မောင်ကြီးပြောတာ ဒီသဘောမဟုတ်ပါဘူးကွယ် သား
လေးပဲလာလာ သမီးလေးပဲလာလာ မောင်ကြီးကချစ်မှာပါဗျာ...
ကိုယ်ဝန်ကိုးလထဲရောက်လာပြီဆိုတော့ သားယောကျ်ားလေးဖြစ်မယ်လို့
ထင်မိတာပါကွယ်"

"မသိပါဘူး မောင်ကြီးက သားလေးမှ ချစ်မှာလားလို့
နှမလေးဖြင့် စိတ်ပူသွားတာပဲ.. သမီးလေးမွေးလဲ ချစ်ရမယ်နော်
မောင်ကြီး"





"ဟုတ်ပါပြီဗျာ ဘာလေးမွေးမွေး ချစ်မှာပါဟောဒီက
...ကြီးကိုလဲ ချစ်မှာ"

သူတို့နှစ်ဦးကြည်ကြည်နူးနူးရယ်သံက လေပြေထဲလွင့်မျော
သွားပါလေ၏။

လောကကြီးတစ်ခုလုံး ပျော်စရာအတိဟု သူတို့မှတ်ထင်ယုံ
...နေမိပါတော့သည်။

* * *

မောင်ကြီးထင်သည့်အတိုင်းပင် သားယောကျ်ားလေး အမှန်
...ယ်မွေးဖွားခဲ့သည်။

သားလေးက မယ်ကာကာနှင့် မတူပဲမောင်ကြီးနှင့် တူလို့လား
... အသားအရည် ရုပ်ဆင်းအင်္ဂါအားလုံး ရှုချင်စဖွယ်တင့်တယ်လှ
...သည်။

"ဖြူဖြူဖွေးဖွေး တုတ်တုတ်ခဲခဲကြီး မောင်ကြီးရေ.. သား
...က ချစ်စရာကောင်းလိုက်တာ"

"ဘယ်သူနဲ့တူလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးနဲ့တူတယ် သိလား·· ကြီးလာရင်အရ
ချောမယ့်ရုပ်မျိုး·· ငါ့သားလေးဘေးမှာ မိန်းမတွေ ဝိုင်းဝိုင်းလည်နေ
မြင်ယောင်ပါသေးရဲ့"

မောင်ကြီးက သူကိုယ်တိုင်မမြင်နိုင်ရှာပေမယ့် မယ်ကာ
ပြောတာတွေကို နားထောင်ပြီး ပီတိဖြစ်နေရှာလေ၏။

"အို လှလိုက်တဲ့ မျက်လုံးလေး ဝိုင်းစက်ပြီးတောက်
နေတာပဲ သိလား·· ဟယ် နှုတ်ခမ်းလေးကလည်း မောင်ကြီးနှုတ်ခမ်
အတိုင်းပဲ အထူမပါးအနေတော် ပီရိသေသပ်တဲ့နှုတ်ခမ်းဆိုတ
ဒါမျိုးပေါ့·· နှာတံလေးက ပေါ်ပေါ်·· မျက်ခုံးကလဲကောင်းသလာ
မမေးနဲ့ မျက်ခုံးစွန်းနှစ်ဖက်ဟာ ဆက်လုမတတ် ရှိနေတယ်
မောင်ကြီးရဲ့"

"ဟုတ်လား··· ကျုပ်သားက လှချောလေးပေါ့"

"အို·· ချောပါ့··ချောပါ့··အဖေတူသားပဲဟာ"

မောင်ကြီးက ကျေကျေနပ်နပ်ပြုံးလိုက်ရင်း သားမျက်နှာ
လက်ကလေးနှင့် ဖွဖွစမ်းသည်။

"သားလေးကို မြင်ချင်လိုက်တာ ·· ရှင်မရယ်"





မောင်ကြီး၏ တောင့်တစကားသည် မယ်ကာက ရင်ကိုဆို့နင်
[illegible]စေသည်။

"မြင်ရမှာပေါ့ မောင်ကြီးရယ်··· မောင်ကြီးမျက်စိတွေ မကြာ
[illegible]ကောင်းတော့မှာလေ··· စိတ်အားမငယ်ပါနဲ့ မောင်ကြီးရယ်"

"မောင်ကြီးမျက်စိတွေ ပြန်မြင်လာတဲ့အခါကျရင် မောင်ကြီး
[illegible]သားလေးရဲ့ မျက်နှာကိုလည်း တဝကြီးကြည့်မယ်··· ရှင်မရဲ့
[illegible]နှာကိုလည်း တဝကြီးကြည့်မယ်နော်··"

"ကြည့်ရမှာပေါ့ မောင်ကြီးရယ် ကြည့်ရမှာပေါ့"

မယ်ကာက၏ အသံသည် အနည်းငယ်တုန်ယင်သွား၏။
သူမမျက်နှာကို မောင်ကြီး မမြင်စေလိုပါ။

ရုပ်ဆိုးလှတဲ့ ကျွန်မရဲ့မျက်နှာကို မောင်ကြီးမြင်ရင် စိတ်ပျက်
[illegible]မှာပါ။ မကြည့်ချင်ပါနဲ့ မောင်ကြီးရယ်။

"မျက်လုံးတွေက ဘယ်တော့ပြန်ကောင်းမှာလဲ မသိပါဘူး။
[illegible]ောင်ကြီးတော့ စိတ်မရှည်ချင်တော့ဘူးကွာ"

"သြော်·· မောင်ကြီးရယ် စိတ်ရှည်ရှည်ထားမှပေါ့ နှမလေး
[illegible]က စွမ်းပါတယ်။ သိပ်မကြာတော့ဘူး ပြန်မြင်ရတော့မှာသိလား
[illegible]မယ့် မောင်ကြီးကို ပြောထားမယ်နော်·"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.. ဘာများလဲ"

"နှမလေးက ရုပ်ဆိုးတယ်။ နှမလေးရုပ်ကို မြင်ရင်စိတ်ပျ
ပြီး မောင်ကြီးပစ်မသွားရဘူးနော်"

သူမစကားကို ကြားတော့ မောင်ကြီးကဟက်ဟက်ပက်ပ
ရယ်ပါလေသည်။

"ဩော်.. ဟော် ဘာများလဲလို့ အစိုးရိမ်ပိုရန်ကောကွယ်"

"မရယ်ပါနဲ့ မောင်ကြီးရဲ့ နှမလေးတကယ်ပြောတာ
အိမ်ထောင်ရှိပြီး မိန်းမတစ်ယောက်ဟာ လင်ယောကျာ်းရဲ့ အစွန့်အပ
ကို ခံရတာ အကြီးမားဆုံး ကံဆိုးမှုကြီးပဲ. နှမလေးကံမဆိုးချင်ဘူ
မောင်ကြီးရယ်"

သူမက တလေးတနက်တောင်းဆိုတော့ မောင်ကြီးကလည်
ခေါင်းလေးဆတ်ရင်း တလေးတနက် ပြန်ဖြေပါသည်။

"စိတ်ချပါ နှမလေးရယ် မောင်ကြီးနှမလေးတို့ သားအမိ
ဘယ်တော့မှ မပစ်သွားဘူး။ တစ်သက်မခွဲမခွာ နေသွားကြမယ်နော်"

မောင်ကြီးစကားကြောင့် မယ်ကာက အနည်းငယ် ရင်ေ
သွားသည်။ စိုးရိမ်ကြောင့်ကြစိတ်တွေ ခဏတဖြုတ်အဝေးသို့ ပြေးသွာ
ကြပြီ။





ကြည်နူးဝမ်းသာစိတ်ဖြင့် မောင်ကြီး၏ ပုခုံးစွန်းတွင်မှေးမှိ
နေလိုက်မိသည်။ ဒီလိုပဲ မခွဲမခွာနေကြရရင် ဘယ်လောက်ကောင်း
လိုက်မလဲလေ..

ရင်ခွင်ထဲမှ သားငယ်က တအဲ့အဲ့နှင့် အသံပြု ငိုကြွေးလာ
တော့မှ ကပျာကယာချော့မြူတေးသီရတော့သည်။

"အို...အို..အေး..အေး.. မငိုပါနဲ့သားလေးရယ်...
နေပေါ်ကာလမင်းကြီး ယူပေးပါမယ်... မယ့်သားဖိုးငိုလေးရေ တိတ်ပါ
ကွယ်... တိတ်ပါ"

"ရှင်မရေ သားလေးက ငိုလှချည်လား နို့ဆာလို့များလား"

"ဟုတ်ကဲ့ မောင်ကြီး နို့တိုက်လိုက်ပါ့မယ်.."

သားလေးနို့ဆာ၍ထင် နို့တိုက်လိုက်တော့မှ အငိုတိတ်သွား
သည်။

"နို့ဆာလို့ ငိုတာမောင်ကြီးရေ ခုအငိုတိတ်တော့တယ်
ဖိုးငိုလေး"

"ရှင်မရယ် ဖိုးငိုလေး ဖိုးငိုလေးလို့ မခေါ်စမ်းပါနဲ့ တော်ကြာ
နာမည်နဲ့လိုက်ပြီး အငိုသန်နေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သားလေးကို ဘယ်လိုခေါ်ရမလဲ·· သားလေး နာမည် မပေးရသေးဘူးလေ"

"မောင်ကြီး စဉ်းစားထားတဲ့နာမည် ရှိတယ်"

"ဘာတဲ့လဲ"

"သတိုးရာဇတဲ့"

"သတိုးရာဇဆိုတာ နန်းသုံးနာမည်ကြီးပဲ မောင်ကြီးရဲ့ နှမလေးတို့ အခြေအနေနဲ့ မအပ်စပ်ပါဘူး"

မောင်ကြီးမျက်နှာတစ်ချက်ပျက်သွားသည်ကို မယ်ကာက သတိထားလိုက်မိသည်။

သူမစကားပြောမှား မှားသွားသလားဟု အလန့်တကြား တွေးနေမိသည်။

"အို·· ဘာဘဲဖြစ်ဖြစ် ကျုပ်တို့သားလေးကို ဒီနာမည်ပဲ ပေးမယ်။ တို့အခြေအနေနဲ့ မအပ်စပ်ဘူးလို့ မပြောပါနဲ့ တစ်ချိန်ကျရင် တို့တွေအခြေမမြင့်လာဘူးလို့ ဘယ်သူပြောနိုင်လို့လဲ·· တို့သားလေးဟာ နာမည်နဲ့လိုက်အောင် ကောင်းစားစေချင်လို့ပါကွယ်"

မောင်ကြီးရဲ့ နာမည်ပေးခြင်းကို မယ်ကာက ဘာမှမပြောလို့





...ပါ။ သူမအနေဖြင့် ဒီလိုလူသူမရှိတဲ့ တောကြိုးမျက်မည်းထဲမှာ ...သွားလာတဲ့ သားလေးဟာ ရွှေနန်းတော်မှာပေးလေ့ပေးထရှိတဲ့ ...သုံးနန်းသုံးနာမည်မျိုးတွေနဲ့ မအပ်စပ်ဘူးလို့တော့ ထင်တာပါပဲ။

ဒါပေမယ့် မောင်ကြီးပြောသလို နာမည်ကြောင့် သားလေး ...ကောင်းစားမယ်ဆို မအေဖြစ်တဲ့ သူမလည်း ကျေနပ်ဝမ်းသာမိရတာ ...ပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

နေဝင်ဖျိုးဖျ ဆည်းဆာချိန်ပင် ရောက်လုနေပြီ။

မယ်ကာကသည် သားငယ်ကို ရင်ဝယ်ပိုက်၍ တောထဲမှ ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် လျှောက်လာနေသည်။

ဘရသေ့ဆီ သွားလည်ရင်း အပြန်နောက်ကျသွားခြင်းဖြစ်သည်။ အိမ်မှာ မောင်ကြီးတစ်ယောက် သူတို့သားအမိ ပြန်အလာကို မျှော်ရင်း ဘယ်လောက်တောင် စိတ်ပူပန်ရှာနေပြီလဲမသိ။

ထိုအတွေးဖြင့် သူမက ခြေလှမ်းကိုပို၍ သွက်နိုင်သမျှ သွက်အောင်လျှောက်သည်။





နေလုံးလုံး မဝင်သေးခင် အချိန်မှီ အိမ်ပြန်ရောက်မှ ဖြစ်မည်။ လင်းရောင်လေးရှိတုန်း ခပ်သွက်သွက်လျှောက်မှ။

အိမ်ပြန်ရောက်တော့ အိမ်ပေါက်ဝတွင် ထိုင်စောင့်နေသော မောင်ကြီးကို တွေ့သည်။

"မောင်ကြီးရေ.. ကျုပ်တို့ ပြန်လာပြီတော့"

"ဟင်... ရှင်မ မင်းနောက်ကျလှချည်လားကွာ.. ဒီမှာ ဘာများ ဖြစ်နေပြီလဲလို့ စိတ်ပူလိုက်ရတာ"

မောင်ကြီးက ဂရုဏာဒေါသဖြင့် ခပ်ဆတ်ဆတ်အော်လိုက်တော့ မယ်ကာက မျက်နှာလေး ငယ်သွားသည်။ လေပြေလေးဖြင့် မောင်ကြီးကို ပြန်ချော့ရတော့၏။

"ဘရသေ့ဆီ မရောက်တာကြာလို့ သွားတုန်းလေ ဘရသေ့ရဲ့ ဝေယျာဝစ္စတွေ ကူလုပ်ပေးနေတာနဲ့ ကြာသွားတာပါ မောင်ကြီးရယ်.. မောင်ကြီးစိတ်ပူနေမှန်းသိလို့လေ နှမလေး အမြန်ပြန်လာခဲ့တာ လမ်းမှာ ချော်လဲမလိုအောင် ဖြစ်သေးတယ်"

"အမလေး ကလေးတစ်ဖက်နဲ့ ချော်လဲမလိုဟုတ်လား... တော်သေးတာပေါ့မလဲတာ ဂရုစိုက်မှပေါ့ ရှင်မရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဂရုစိုက်ပါတယ်မောင်ကြီးရဲ့.. ဪ ဒါနဲ့လေ..နှမလေး ဘရသေ့ကို အကုန်ဖွင့်ပြောလိုက်သလား.. ဘရသေ့က ကြိုသိနေသလိုပဲ နှမလေးပြောလိုက်တော့ လုံးဝကိုမအံ့သြဘူး"

"လူကြီးဆိုတော့ တွေးတောဆင်ခြင်နိုင်စွမ်းရှိတယ်လေ၊ ဒါကြောင့် သိနေတာနေမှာပေါ့"

"ဟုတ်ပါ့ မောင်ကြီးရယ် ဘရသေ့ကပြောတယ်။ သမီး ဘရသေ့ဆီ ပြန်မလာတော့ကတည်းက အိမ်ထောင်ရက်သားကျနေပြီဆိုတာ ဘရသေ့သိပါတယ်တဲ့ နှမလေးလည်းလေ.. မောင်ကြီးနဲ့ အိမ်ထောင်ရက်သားကျနေတဲ့အကြောင်း မောင်ကြီးက မျက်စိမမြင်တဲ့သူမို့ လမ်းခရီးမှာ သွားရလာရ ဒုက္ခရောက်မှာစိုးလို့ မလိုက်လာနိုင်တာတွေ အကုန်ပြောပြခဲ့တယ်။ သားလေးကိုလည်းလေ ဘရသေ့က လက်ပေါ်ကနေ မချတော့ဘူး.. ချစ်ရှာတယ်သိလား.. ပြီးတော့ ပြောသေးတယ် ဒီကလေးက လက္ခဏာကောင်းတဲ့ကလေးတဲ့.. ရုပ်ရည်သွင်ပြင်က ကောင်းစားမယ့် ရုပ်ရည်မျိုးတဲ့၊ ချမ်းချမ်းသာသာနေရပြီး ဘုန်းတန်ခိုးကြီးမယ်သူငယ်ပဲတဲ့သိလား မောင်ကြီးရဲ့"

"ဘရသေ့က အဲသလိုပဲ ပြောလိုက်လား.. ကဲတွေ့လား





မောင်ကြီးတို့ သားလေးဟာ သာမညောင်ည မဖြစ်စေရပါဘူးလို့ ပြောဘူးလား"

"ဟုတ်ပါပြီရှင်.. ဟုတ်ပါပြီတဲ့.."

"မောင်ကြီးမျက်စိပြန်မြင်ရင်တော့ ဘရသေ့ဆီ တစ်ခေါက်လောက်သွားပြီး ကန်တော့ရအောင်ရှင်မ"

"ကောင်းတာပေါ့ရှင်... မောင်ကြီး မျက်စိမကြာခင်ပြန်မြင်ရတော့မှာပဲ ဥစ္စာ"

"အေးပါကွယ်.. မောင်ကြီးလည်း မြင်ချင်လှပါပြီ"

"ဪ..ဒါနဲ့ မောင်ကြီးကို ပြောရဦးမယ် သတင်းထူးသိလား"

"ဘာသတင်းများလဲ"

"ဟတ္ထိနပူရပြည်မှာ အိမ်ရှေ့စံတင်မြှောက်တော့မယ်တဲ့"

"ဟင်"

"ဘာတဲ့... ဘာတဲ့ ပြန်ပြောစမ်းပါဦး"

မောင်ကြီးအသံက အလောတကြီး နိုင်နေ၏။ မျက်နှာထက်တွင် မှန်းဆ၍မရသည့် အရိပ်သဏ္ဍာန်တွေ ဖြတ်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးဘာလို့ တုန်လှုပ်တကြီး ဖြစ်သွားရတာလဲ နားမလည်းအောင်ဖြစ်မိသည်။

"ဟတ္တိနပူရပြည်မှာ အိမ်ရှေ့စံတင်မြှောက်တော့မယ်လို့ ပြောတာပါ ဘာဖြစ်လို့လဲ..ဟင် မောင်ကြီး"

"ဒီသတင်း အမှန်ပဲလား ဘယ်ကကြားခဲ့တာလဲ"

မောင်ကြီးက စိတ်ဝင်တစားဖြင့် တလေးတနက် မေးနေပြန်၏.. မယ်ကာကမှာ အံ့အံ့သြသြဖြင့် မောင်ကြီးကို အကဲခတ်နေမိသည်။

"ဘရသေ့ဆီလာတဲ့ ဧည့်သည်ဆီကကြားခဲ့တာပေါ့ မောင်ကြီးရဲ့.. မှန်မမှန်တော့နှမတော်လေးလည်း ဘယ်လိုလုပ်သိမှာလဲ"

"အိမ်ရှေ့စံတင်ပွဲက ဘယ်တော့တဲ့လဲ"

"အဲဒါတော့နှမလေးလဲမသိဘူး"

"နောက်ထပ်ဘာတွေကြားခဲ့သေးလဲ"

"ဘာမှမကြားခဲ့ပါဘူး.. အိမ်ရှေ့စံတင်တော့မယ် ဆိုတာလောက်ပဲသိတယ်"





မောင်ကြီးသည် ဘာမှထပ်မမေးတော့ပဲ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေဟန်မျိုးဖြင့် ငြိမ်သက်သွားသည်။

အသိရခက်ခဲခြင်းများက မယ်ကာကရင်ကို တိုးမြင့်လာသည်။ ဒီသတင်းကြားလိုက်တာနှင့် မောင်ကြီးဘာလို ဒီလောက် တုန်လှုပ်သွားရတာလဲ.. မောင်ကြီးကဟတ္တိနပူရပြည်က လာတယ် ဆိုတာလောက်ပဲ သူမသိထားသည်။ မောင်ကြီးက.. ဘယ်သူဘယ်ပါ..မိဘမျိုးရိုးက ဘယ်လိုရှိတယ် ဆိုတာတွေ သူမဘာတစ်ခုမှ သေိခဲ့ရ... မောင်ကြီးကလည်း ပြောမပြခဲ့ပဲလေ.. ဒါတွေသိဖို့လည်း လိုအပ်ဟု သူမယူဆထားသည်။ သူမဟာ... မောင်ကြီးရဲ့ လက်ရှိအနေအထား...မောင်ကြီးဘယ်လိုဖြစ်ဖြစ် သူမအချစ်က ဆံချည်မျှင်မျှ လျော့ပါးသွားလိမ့်မည်မဟုတ်ပါ သူနေခဲ့တဲ့တိုင်းပြည်ရဲ့ သတင်းမို့လို့များ မောင်ကြီးဒီလောက် စိတ်ဝင်တစားကြီး ဖြစ်သွားရတာလား.. ဟုတ်မှာပါလေ...ဟုတ်မှာပါ... သို့သော် သူမတွေးထင်ထားသလို မဟုတ်ခဲ့သည်ကိုတော့ နောက်များမှသိ သိခွင့်ရခဲ့ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

မောင်ကြီးမျက်နှာမကောင်းလှတာကို ရင်တထိတ်ထိတ်နှင့် မမေးဝံ့ဘဲ ဖြစ်နေခဲ့သည်.. ခုတော့ မကြားဝံ့သည့်အခြေအနေသို့ ဆိုက် ရောက်ရလေပြီ.. မောင်ကြီးက အရေးတကြီးကိစ္စပြောစရာရှိ လို့တဲ့ ဘာများပြောမလို့ပါလိမ့်... သားငယ်ကို ရင်ခွင်ထက်တွင် အပ်ရင်း မောင်ကြီးစကားကို ရင်ပန်းတုန်နားစွင့်မိသည်။

"မောင်ကြီးဟာတွေနပူရနေပြည်တော် ပြန်မှ ဖြစ်တော့မယ်"

"ဟင် "





ရင်သည် ဒိတ်ကနဲဆောင့်၍ခုန်သည်။ မယ်ကာကာ၏ ဝန်းအစုံသည် နှစ်ဆလောက်ပြူးကျယ်သွားသည်..

"ဘယ်လိုဖြစ်ရတာလဲဟင်မောင်ကြီး..ဘာဖြစ်လို့ပြန်မှာလဲဟင်"

မယ်ကာကာ အလန့်တကြားမေးတော့ မောင်ကြီးက နှစ်သိမ့် လို မယ်ကာကာ၏လက်ကလေးများဆုပ်ကိုင်လိုက်သည်။

" မပြန်မဖြစ်တဲ့ အခြေအနေကြောင့်မို့ပေါ့ရှင်မရယ်"

" နှမလေးသားအမိလဲတပါတည်း လိုက်ရမှာလား ဟင်"

"မင်းတို့သားအမိကို တခါတည်းခေါ်သွားချင်ပေမယ့် အခြေ အနေကဘာမှန်းမသိသေးလို့ ခေါ်သွားလို့ မဖြစ်သေးဘူးကွယ်"

"ဒါဆို မောင်ကြီးက နှမလေးတို့ကို ခွဲသွားတော့မယ်ပေါ့"

ပစ်ပြေးတော့မလို့လားလို့ မမေးရက်လို့ မမေးတော့ပါဘူး မောင်ကြီးရယ်..

"ခဏတဖြုတ်ပါကွယ်..ဟိုမှာအခြေကျအောင် မောင်ကြီး စဉ်လိုက်အုန်းမယ်.. ပြီးတော့သားလေးကလည်း အရမ်းငယ်သေး တယ် မဟုတ်လား လမ်းခရီးအခြေအနေကလည်း ဘာဖြစ်မယ် သိသေး လို့ မခေါ်သွားတာပါကွယ် ခုတော့မောင်ကြီး တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထဲပြန်နှင့် လိုက်ဦးမယ်.. နောက်နှစ်နှစ်လောက် ကြာတဲ့အခါ ရှင်မတို့သားအမိ လိုက်လာကြပေါ့"

မောင်ကြီးကပြောပြောဆိုဆိုဖြင့် သူ့လက်သူကြွယ်တွင် ဝတ်ဆင်ထားသော နဝရက်ကိုးသွယ်လက်စွပ်ကို ချွတ်လိုက်ကာ

"ဟောဒီလက်စွပ်လေးကိုယူထား..ရှင်မတို့သားအမိ ဟတ္တိ ပူရပြည်လိုက်လာတဲ့အခါကြရင် ဟောဒီလက်စွပ်လေး ယူလာခဲ့ပါ နော်"

"ဟတ္တိနရပူကို နှမလေးတို့လိုက်လာတဲ့အခါကြရင် မောင်ကြီး နေတဲ့အရပ်ကို ဘယ်လိုပြောပြီးရှာရမလဲ"

"ဟောဒီလက်စွပ်လေးသာ ပြလိုက် ဘယ်နေရာလာရမလဲ ဆိုတာ လူတိုင်းသိတယ် ရှင်မရဲ့ ရှင်မတို့သားအမိကို မောင်ကြီးဆီ အရောက်လိုက်ပို့ပေးကြလိမ့်မယ်"

မောင်ကြီးကမ်းပေးသော လက်စွပ်လေးကို တုန်ယင်သော လက်အစုံဖြင့် မယ်ကာကာ လှမ်းယူလိုက်သည်။

ဘာပြန်ပြောရမည်မသိအောင် ဝမ်းနည်းကြေကွဲစိတ်က လွှမ်းခြုံထားသည်။ ရင်တစ်ခုလုံး တလှပ်လှပ်တုန်နေသည်။ နောက်ဆုံး ခံစားချက်ကို မမြိုသိပ်နိုင်စွာ 'အင့်'ခနဲ့ ရှိုက်မိတော့ မောင်ကြီးက





စိတ်မကောင်းဖြစ်ဟန်ဖြင့် သူ့မခေါင်းလေးကို ခပ်ဖွဖွအုပ်ကိုင်ကာ ပွတ်လိုက်ရင်း

"သြော်.. ရှင်မရယ် မောင်ကြီးက ရှင်မတို့ကို အပြီးအပိုင်ခွဲ သွားတာမှ မဟုတ်တာ... အခြေအနေအရ ခဏလေးဝေးကြတာပါ.. မောင်ကြီးတို့ ဘဝရှေ့ရေးကောင်းစားဖို့ ခဏလေးခွဲရတယ်လို့ မှတ်ပါ ကွယ်..နော်"

"ဒါပေမယ့် နှမလေးမှ မောင်ကြီးကို မခွဲနိုင်တာ"

"သြော်.. မောင်ကြီးလည်း ဘယ်ခွဲချင်ပါမလဲ.. နှစ်နှစ် ဆိုတာ မကြာပါဘူး နှစ်နှစ်ပြည့်တာနဲ့ မောင်ကြီးနောက် လိုက်လာခဲ့ နော်"

"စိတ်ချပါနှမလေး မဖြစ်မနေလိုက်လာမှာပါ"

"ကဲ..ကဲ..ဝမ်းနည်းစရာတွေ မပြောကြစို့နဲ့.. သားလေး ရော.. မသွားခင် သားလေးရဲ့မျက်နှာကို တဝကြီးနမ်းသွားပါဦးမယ်"

"သားလေး အိပ်ပျော်နေတယ် မောင်ကြီးရဲ့"

"ခြော် အေး..အေး ဒါဆိုဖွဖွလေးပဲ နမ်းမယ် မောင်ကြီးကို သားလေးပေး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးက မယ်ကာကရင်ခွင်ထဲမှ သားလေးကို လွှဲပြောင်းယူရင်း တရှိုက်မက်မက် နမ်းမွှေးလိုက်သည်။

ထို့နောက် သူမကိုလဲ ချစ်မြတ်နိုးစွာ နှုတ်ဆက်အနမ်းပေးရှာသည်။ မောင်ကြီးတစ်ယောက် လာတုန်းကလည်း ဖောင်ကလေးစီးပြီး ရောက်လာခဲ့သလို ပြန်တော့လည်း ဖောင်လေးစီးပြီး ပြန်ပေတော့မည်။

နေရပ်ဌာနသို့ ပြန်ကာသွားမည့် မောင်ကြီးတစ်ယောက် သူမတို့ သားအမိကို စွန့်ပစ်ခွဲခွာသွားခြင်း မဖြစ်ပါစေနဲ့လို့ ဘုရားရှင်ထံ အထပ်ထပ်အခါခါ ဆုတောင်းလိုက်ပါရဲ့…

မကြာခင် မောင်ကြီးမျက်စိတွေ ပြန်မြင်လာတော့မယ်လေ… မျက်စိတွေပြန်မြင်ရင် နမလေးတို့သားအမိကို တဝကြီး ကြည့်ချင်တယ်ဆိုတဲ့ မောင်ကြီးဆန္ဒတွေ ဘယ်ပြည့်ပါတော့မလဲ‥

ခဏလေးတော့ သည်းခံအောင့်အီးထားလိုက်ပါဦး‥ နှစ်နှစ်ပြည့်တဲ့အခါကျရင် နမလေးတို့သားအမိ မောင်ကြီးနောက်ကို လိုက်လာမှာလေ‥အဲဒီအခါကျမှ တဝကြီး ကြည့်ပေတော့‥

နှစ်နှစ်ဆိုတာ‥ အချိန်ကာလအားဖြင့် တရစ်ရစ် ကုန်ဆုံးသွားမှာပါ။ ဒါပေမယ့် မောင်ကြီးကို လွမ်းနေမယ့် အလွမ်းသက်တမ်းနဲ့တွက်ရင် သိပ်ကိုရှည်ကြာလှန်းမယ်ထင်ပါရဲ့နော်။

အိပ်မက်အသစ်စာစဉ်



ဘာပဲဖြစ်ဖြစ်နမလေး စောင့်နေမယ်…

မောင်ကြီးကို ပြန်တွေ့ရမယ် မျှော်လင့်ချက်တပွေ့တပိုက်နဲ့နမလေးစောင့်နေမှာပါ…

မောင်ကြီးတစ်ယောက် လမ်းခရီးမှာ ဘေးမသီရန်မခပါစေနဲ့‥ ဖောင်ကလေးက မြစ်ကျောအတိုင်း တရွေ့ရွေ့ဝေးကွာသွားလေပြီ‥ ကမ်းစပ်ပေါ်မှာ မျှော်ငေးရင်း ကျန်ရစ်ခဲ့သော မယ်ကာကာ မှာတော့ မျက်ရည်ကြားမှ မပီဝိုးတဝါးမြင်ကွင်းကို အားစိုက်ငေးကြည့်နေဆဲ…။

အိပ်မက်အသစ်စာစဉ်

www.burmeseclassic.com



အခန်း(၉)

BURMESE CLASSIC .com

နှစ်ပေါင်းများစွာ ဝေးကွာစိမ်းသက်ခဲ့ရသော ဟတ္ထိနပူရပြည်၏ လေနုအေးနှင့် နေခြည်နွေးကို ထိတွေ့လိုက်ရသည်နှင့် သူ့စိတ်တွေ ပေါ့ပါးလတ်ဆတ်၍ လာပါသည်။

အမှောင်ထုလောကမှ အလင်းရောင်လောကသို့ ရုတ်ခြည်းပြောင်းလဲခွင့်ရလာသောသူသည် မြင်မြင်လေရာမြင်ကွင်းတိုင်းကို အဆန်းတကြယ်အံ့သြဘနန်းချည်း ဖြစ်၍နေတော့သည်။

ဟတ္ထိနပူရပြည်၏ မြို့တော်တွင်းသို့ သူရောက်ရှိနေခဲ့ပြီဖြစ်သည်။ သူ့ပုံစံက မုတ်ဆိတ်ကျင်စွယ်တို့နှင့် နေလောင်၍ညိုနေ





သော အသားရောင်၊ ကျေးတောသားအသွင် ခပ်စုတ်စုတ်အဝတ်တို့ဖြင့် ...ာက်ကြီးမျက်နှာအုပ်အောင် ဆောင်းထားသော သူ့သွင်ပြင်ကို ...ရှင့်သားတော် သုမနမင်းသားပါဟု ဘယ်သူက ထင်မတဲ့လား...

မှတ်မိလောက်စရာ မရှိပေ။

သုမနသည် မြို့တွင်းလမ်းမအတိုင်း ငိုက်စိုက် ငိုက်စိုက်ဖြင့် ...ျောက်လာစဉ် ရှေ့လှမ်းလှမ်းအကြော်ဆိုင်ကလေးဆီမှ အကြော်စား...သော လူနှစ်ယောက်ပြောနေသော စကားသံများကြောင့် ရုတ်တ...က် ခြေလှမ်းပင် တန့်သွားသည်။

"ဘုရင်မင်းတရားကြီးက အနောက်နန်းမိဖုရားရဲ့ သားတော် ...ကို အိမ်ရှေ့စံတင်မယ်ဆိုပါလား ဟ"

"အေးလေ.. ဒီလိုပြောသံတွေ ကြားနေရတာပါပဲ"

"အနောက်နန်း မိဖုရားရဲ့သားကို အိမ်ရှေ့စံတင်ရအောင် ...ဖုရားခေါင်ကြီးရဲ့ သားတော်သုမနမင်းသားက ဘယ်ရောက်သွားလို့ ...လဲ.. သူ့ကိုဘာဖြစ်လို့ မတင်တာလဲ"

"ဟုတ်ပ၊ ကိုရင်ရေ.. မင်းသားသုမနသတင်းတောင်မကြား...ဘူး.. ကျုပ်အထင်ပြောရရင်တော့ဗျာ ဒီကိစ္စရိုးရိုးတန်းတန်းတော့ ဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများဆန်းနေလို့လဲ ကိုရင်ရဲ့"

"ဒီလိုလေဗျာ.. မိဖုရားခေါင်ကြီးရဲ့ သားတော်ကြီး ရှိပါရဲ့ အနောက်နန်းမိဖုရားရဲ့ သားတော်က အိမ်ရှေ့စံနေရာ ဝင်ယူမယ်ဆိုတ ဆန်းမနေဘူးလား.. နောက်ပြီး သုမနမင်းသားရဲ့ သတင်းလည် မကြားရတော့ဘူးဆိုတော့ အနောက်နန်းမိဖုရားက ပညာနဲ့များ စီရ လိုက်သလားပဲ"

"အို.. တိုးတိုးပြောစမ်းပါ ကိုရင်ရယ် ဘုရင့်မိဖုရားက ပညာသည်လို့ ပြောပါတယ်ဆိုပြီး ဘုရင်ရွှေနားတော်နား ပေါက်ကြ သွားလို့ ဒုက္ခတွေ့နေပါဦးမယ် ကိုရင်ရဲ့"

"ဒီနားမှာ ဘုရင်ရွှေနားတော်နားပေါက်ကြားအောင် အဓ အထောင်လုပ်မယ့်သူမရှိပါဘူး ကြောက်မနေစမ်းပါနဲ့ ကိုရင်ကလည်း"

"သြော်.. ပြောလို့ရတာမဟုတ်ဘူးလေ.. မတော်တ နန်းတွင်းက တစ်ယောက်ယောက်များကြားသွားရင်"

"မကြားပါဘူး..ကိုရင်ကလည်း ဒါနဲ့ ပြောရဦးမယ် ဘုရင်မင်းတရားကြီးက သမာသမတ်ကျသားဗျ"

"ဘယ်လို သမာသမတ်ကျတာလဲ"





"သြော်.. ဒီလိုလေ.. အိမ်ရှေ့စံတင်မယ့် သားတော်ကို အရည်အချင်းစစ်ဦးမယ်တဲ့.. နန်းရင်ပြင်မှာ အဲဒီမင်းသားရဲ့ စွမ်းရည်ပြပွဲကို လုပ်ဦးမယ်တဲ့လေ.. အိမ်ရှေ့စံကို ပြည်သူတွေ သက်မခံမှာစိုးလို့ လူရှေ့ သူရှေ့မှာ ဒီလိုပွဲမျိုး ကျင်းပပေးတယ်နဲ့ တူပါတယ်"

"သြော်.. ဒီလိုဆိုတော့လည်း အဲဒီမင်းသားရဲ့ စွမ်းရည်ကို ကြည့်ပြီး အိမ်ရှေ့စံအဖြစ် တင်သင့်မတင်သင့် ပြည်သူတွေက ဆုံးဖြတ် ပေးရမယ့်သဘောပေါ့ ကောင်းပါပေတယ်.. သင့်လျော်ပါပေတယ်"

"ကျုပ်ကတော့ဗျာ ဒီပွဲမှာ သုမနမင်းသားကို ပါဝင်ယှဉ်ပြိုင် စေချင်တယ်.. ဒါမှ ဘုရင်သားတော်ချင်း သူအစွမ်းရှိတဲ့သူ အိမ်ရှေ့စံ ဖြစ်ခွင့်ရှိတာပေါ့.. မဟုတ်ဘူးလား"

"ဟုတ်ပါ့ ကိုရင်ရယ် သုမနမင်းသားကိုကျတော့ ဘာဖြစ်လို့ ဖယ်ထားကြလဲ မသိဘူး"

"ကဲ..ကဲ.. ကိုရင်နန်းတွင်းရေးက ကျုပ်တို့ကိစ္စမဟုတ်ဘူး ကျုပ်တို့ကိစ္စ ကျုပ်တို့လုပ်ကြစို့"

စကားသံများ တိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သုမနသည် ပုန်းအောင်းနားထောင်နေရာ သစ်ပင်ကွယ်ဆီမှာ ခွာလိုက်သည်။ လတ်စသတ်တော့ ညီတော် စေသုဗ္ဗာကို အိမ်ရှေ့စံ အဖြစ်လျာထားသည်ကို တိုင်းသူပြည်သားအနှံ့နှံ့ ကြေငြာပြီးကာမှ ရုတ်တရက်ဘွားကနဲ ပေါ်လာသောသူကို အိမ်ရှေ့စံရာထူးကို အသာ တကြည် လွှဲအပ်မတဲ့လား‥

သူ့အဖို့ နန်းပလ္လင်သည် အိပ်မက်ထဲမှပင် မရှိတော့ပြီ‥ ရွှေပုံ ထီးနန်းနှင့် အဝေးကြီးဝေးရပေတော့မည်။

သည်တော့ သူဘာလုပ်မလဲ‥ စွမ်းရည်ပြပွဲရှိသတဲ့‥ အိမ်ရှေ့စံရဲ့ စွမ်းရည်ကို ကြည့်ပြီးမှ အိမ်ရှေ့စံဖြစ်ခွင့် ရှိမရှိ လူအများက ဆုံးဖြတ်ပေးကြမတဲ့။

အို‥ ဒါဟာ သူ့အတွက် မျှော်လင့်ချက်ရောင်ခြည်တစ်စပဲ မျှော်လင့်ချက်ဖြင့် သုမနမင်းသား၏ မျက်လုံးများအရောင်တောက် လာသည်။ ကိုယ်အကြံနှင့် ကိုယ်ဟန်လှပြီဟု ကျေကျေနပ်နပ် တွေးနေ လေတော့သည်။





BURMESE CLASSIC .com

## အခန်း(၁၀)

နန်းရင်ပြင်ထက်တွင် လူအများ အုတ်အုတ်ကျက်ကျက်ဖြင့် ည်ကားနေသည်။

အိမ်ရှေ့စံလောင်းလျာ၏ စွမ်းရည်ပြသည့်ပွဲ၊ သည်ပွဲကအထူး အရေးကြီးသည့်ပွဲ‥ သည်ပွဲမှာ အကောင်းဆုံးပြနိုင်ရမည်ဟု စေသုဗ္ဗာ င်းသားအားခဲထားသည်။

ရွှေပုံထီးနန်းဆီသို့ အရောက်လှမ်းနိုင်တော့ ပထမခြေလှမ်း ၏ လုံးဝအများအယွင်းခံလို့ မဖြစ်ချေ‥‥။



www.burmeseclassic.com

တိုင်းသူပြည်သားတွေ သဘောကျလက်ခံ၊ ခမည်းတော်ဘုရားကျေနပ်အားရစေအောင် သူ့အစွမ်းအစတွေ အစွမ်းကုန်ထုတ်ဖော်ပြသရမည့်ပွဲ . .

ခမည်းတော်ဘုရင်မင်းမြတ်ကိုယ်တော်တိုင် မိုလ်ရှုခံမဏ္ဍပ်တွင် နေရာယူထားပြီးပေပြီ . ။

လူထုပရိသတ်ကလည်း အုန်းအုန်းကျွက်ကျွက် စောင့်ကြည့်နေကြပြီ . . ပွဲစစချင်း သူလေးနှင့်မြားအတတ်ကို အရင်ဦးဆုံး အစွမ်းပြရသည်။

သူ့စွမ်းရည်က ကျေနပ်အားရစရာကောင်းလှပါပေသည်။ ပရိသတ်ကလည်း နှစ်သက်လက်ခံကြသည်။

ပွဲဦးထွက်အမှတ်ကောင်းတွေ ရလိုက်တာပဲဖြစ်သည်။

နောက် . . .

အတိုက်အခိုက် စွမ်းရည်ပြပွဲ . . .

"ကျုပ်နဲ့ဓါးရေးပြိုင်ဖို့ ပရိသတ်ထဲက လူသုံးယောက်လောက် ထွက်လာပေးပါ"

ဟု စေသုတ္တာ မင်းသားက စိန်ခေါ်လိုက်သည်။





လူထုပရိသတ်ကြီးသည် အပ်ကျသံပင်မကြားရတော့လောက်အောင်တိတ်ဆိတ်ငြိမ်သက်၍ သွားသည်။

ဘယ်သူထွက်လိမ့်နိုးနိုးဖြင့် အချင်းချင်းကြည့်မိကြသည်။

ထိုအခိုက် လူအုပ်တစ်စုသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး ခမ်းဖယ်သလိုဘေးသို့ ကပ်လိုက်ကြသည်။

လူအုပ်ထဲမှ လူသန်ကြီးတစ်ယောက် ထွက်လာ၏။ လက်ထဲမှာလည်း ဓါးတစ်ချောင်း ကိုင်ထားလေ၏။

နောက် . . . မလှမ်းမကမ်းလူအုပ်ထဲမှ နောက်တစ်ယောက်ထွက်လာပြန်၏ . . . သူလည်း ပထမလူနည်းနှင့်နှင့်ထောင်ထောင်မောင်းမောင်းလူထွားကြီးတစ်ယောက်ပင် ထိုလူနှစ်ယောက်လုံးမှာကြည့်ရှုနှင့် လန့်ချင်စရာကောင်းလှပေသည်။

ပရိသတ်မှာ ထိုလူသန်ကြီးနှစ်ယောက်ကို တစ်လှည့်မင်းသားစေသုတ္တာကို တစ်လှည့်ကြည့်ပြီး 'ဖြစ်ပါ့မလား'ဟု စိုးရိမ်တကြီးဖြစ်သွားကြသည်။

စေသုတ္တာမင်းသားကိုယ်တိုင်ပင် အနည်းငယ်ဖြူသွားဟန်ဖြင့်မျက်နှာနှစ်ဖက်ပင်သွားသည်။

www.burmeseclassic.com



မင်းသားက ပရိသတ်ဘက်လှည့်ကြည့်၍ အော်လိုက်သည်

"ကဲ.. နောက်တစ်ယောက် ကျန်ပါသေးတယ် ထွက်ခဲ့ပေ
ပါဦး"

သူ့အော်သံအဆုံး ကျေးတောသားအသွင် ဝတ်ဆင်ထားသော
ပိန်ပိန်ပါးပါး လူတစ်ယောက်ရှေ့သို့ထွက်လာရာ ပရိသတ်မှာ 'ဟာ'ခ
'ဟင်'ခနဲဖြစ်သွားကြသည်။

"ဟယ်.... ဒီသူငယ်ကော့ သေတော့မှာပဲ.. မင်းသားက
ဒီလောက်စွမ်းတာ လူသန်ကြီးတွေဆို တော်သေးရဲ့"

"အာဂသတ္တိရှင်ပဲ"

ဟု ချီးကျူးသလိုလို၊ ကဲ့ရဲ့သလိုလို မကြားတကြားပြောလို
ကြသည်။ ကျေးတောသားလူကတော့ မဖြုံ၊ ခပ်တည်တည်ပ
အာကိုမှ ဂရုမစိုက်ဟန်ဖြင့် လက်ကိုနောက်ပစ်၍ အေးအေးလူလူရှိ
သည်။

ထိုလူကိုမြင်တော့ စေသုတ္တာမင်းသားက ရယ်ချင်ဖြုံးချ
ဖြစ်သွားသည်။

ဒီလိုကျေးတောသား မလောက်လေး၊ မလောက်စားကမ
သူ့ကို စမ်းဝံ့သတဲ့ ရယ်စရာပင် ကောင်းသေးတော့သည်။





"ကဲ.. လူသုံးယောက်လည်း ပြည့်ပြီဆိုတော့ ကျုပ်တို့
ပါးရေးအစွမ်းပြလိုက်ကြရအောင်"

မင်းသား စကားဆုံးသည်နှင့် လူသန်ကြီးနှစ်ယောက်က
ညာသံပေးကာ ပြိုင်တူဝင်တိုက်ကြသည်။

ကျေးတောသားလုလင်သည် နေရာတွင် ရပ်မြဲရပ်ကာ အခြေ
အနေကိုစောင့်ကြည့်နေလိုက်သည်။

လူသန်ကြီးနှစ်ယောက်နှင့် မင်းသား၏ တိုက်ပွဲကားပြင်းထန်
လှသည်။ အသေအကျေတော့ လုပ်ကြဟန်မတူ... မသကာ လက်ထဲ
မှ ဓါးလွတ်ကျသွားရုံသာ... ဓါးလွတ်ကျပြီဆိုတာနှင့် အရှုံးပေးရတော့
မည်ဖြစ်သည်။

ကျေးတောသားလုလင်က ဝင်မတိုက်သေးဘဲ လက်နောက်
ပစ်ကာ တိုက်ပွဲကို မမှိတ်မသုန်ကြည့်ရှုနေလေ၏။

သူ့ပုံစံကို အားမလိုအားမရ ဖြစ်နေသော ပရိသတ်ကလည်း
တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြသည်။

"ချပါတော့လား၊ ခုတ်ပါတော့လား"

"ဘာရပ်လုပ်နေတာလဲ၊ ဝင်တိုက်ပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဓါးရေးမတတ်ပဲနဲ့ မယှဉ်ပြိုင်ချင်စမ်းပါနဲ့"

ပရိသတ်ထဲမှ အော်သံမျိုးစုံကို ဂရုမပြုမိသည့်အလား ထိုလုလင်မှာ နေရာတွင် မတုန်မလှုပ်ရပ်မြဲရပ်လျက်။

တိုက်ပွဲသည် တစစနှင့် ပြင်းထန်လာ၏။

အံ့ဩစရာကောင်းလောက်အောင် လူသန်ကြီးနှစ်ယောက်မှ မင်းသားစေသုတ္တာ၏ဓါးချက်များကို အလူးအလဲ တိမ်းရှောင်နေရသည်။

ပရိသတ်ရဲ့ အားပေးသံကလည်း ကျွတ်ကျွတ်ညံနေလေ၏။

နောက်ဆုံးတွင် လူသန်ကြီးနှစ်ယောက်၏ လက်ထဲမှ ဓါးများမှာ တပြိုင်တည်း မြေပေါ်သို့လွတ်ကျသွားလေ၏။

စေသုတ္တာမင်းသား အောင်နိုင်သူအပြုံးဖြင့် မိန့်မိန့်ကြီး ပြုံးလိုက်သည်။ လူသန်ကြီးနှစ်ယောက်ကို ကိုယ်ဓါးကိုယ်ပြန်ကောက်၍ ခေါင်းငိုက်စိုက်ချကာ စည်းဝိုင်းတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

မင်းသားက ကျေးတောသားလုလင်အား အထင်သေးသလို စပ်နှိမ်နှိမ်ကြည့်လိုက်ရင်း

"ဘယ်လိုလဲမောင်မင်းရဲ့ ကျုပ်ကိုမယှဉ်ဝံ့လို့ ရပ်နေတာလား"





"မဟုတ်ပါဘူး သုံးယောက်နဲ့ တစ်ယောက်ဆိုတော့ ...အားချင်းမမျှလို့ပါ"

ကျေးတောသားစကားကို ကြားတော့ စေသုတ္တာမင်းသား ...ကဲဝန်းမီးတောက်သွားသည်။

"ဘာလဲမောင်မင်းက တစ်ယောက်ချင်းချချင်တယ်ပေါ့.. ...ဆိုလည်း လာလေလာစမ်းပါ"

မင်းသားက စိန်ခေါ်လေပြီ။

ကျေးတောသားက နေရာမှ တစ်ချက်လေးမှတောင် မရွေ့ဘဲ ...တည်တည်စိုက်ကြည့်နေလေရာ မင်းသားမှာ အလွန်အခံရခက်နေ ...တော့သည်။

"အသင်မင်းသားက ခုနကနှစ်ယောက်နဲ့ တိုက်ထားတော့ ...နေလိမ်မယ်ထင်တယ် အပန်းဖြေပါဦးလား"

ကျေးတောသားစကားကြောင့် မင်းသားမျက်နှာ ရဲခနဲဖြစ် ...သွားသည်။ မခံချိမခံသာဖြင့် အံတင်းတင်းကြိတ်၏။

"အောင်မာ.. ဒင်းလိုကျေးတောသားကများ ရာရာစစ ဒင်းနဲ့ ...ကိုက်ဖို့ ငါ့ကအားမွေးရဦးမတဲ့... လာစမ်းပါ ခုပဲတိုက်လိုက်ရအောင် ... စကားရှည်မနေနဲ့ လာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်.. မင်းသားကိုများ မခန့်လေးစားနဲ့ သေတော့မှာပဲ"

"ဟိုက လူသန်ကြီးနှစ်ယောက်တောင် အရှုံးပေးသွားရတာ သူ့လောက်တော့ အသာကလေးပေါ့"

"ကဲ..ကြည့်နေကြစမ်းပါ.. မကြာခင်အရှက်ကွဲပြီး ထွက်သွားရမှာ မြင်ယောင်သေးတယ်"

ပရိသတ်ထဲမှ တီးတိုးစကားသံများလည်း ထွက်လာ၏။

သို့သော် ကျေးတောသားက ဂရုလုံးဝမစိုက်ဘဲ ခပ်တည်တည်ဖြင့် စည်းဝိုင်းအတွင်းသို့ ဝင်လိုက်သည်။

စည်းဝိုင်းအတွင်းဝင်လိုက်သည်နှင့် မင်းသားက ပြေးခုတ်တော့သည်။ ကျေးတောသားမှာ နောက်ပစ်ထားသောလက်ကိုပင် မဖြုတ်ဘဲ မင်းသား၏ဓါးချက်ကို အသာကလေးရှောင်ထွက်သွားနိုင်သည်။

မင်းသားမှ ဓါးချက်လွတ်သွားသဖြင့် ရုတ်တရက်ဒေါသထွက်ကာ ဆက်ကာဆက်ကာခုတ်ပါလေတော့သည်။ ကျေးတောသားကလည်း ဓါးလေးဘယ်ညာအလိုက်သင့် ယိမ်းရှောင်လှုပ်သည်။

ဓါးသွားနှင့် သူ့ခန္ဓာကိုယ်သီသီကလေးကပ်၍ လွဲသွားပုံမှာ ကြည့်ရသူများအတွက် သည်းထိတ်ရင်ဖိုစရာကောင်းလှသည်။





...သည့်အပြင် ပရိသတ်ကို ဖမ်းစားထားသည့် နောက်တစ်ချက် ...အေးစက်သော သူ့မျက်နှာပေးပဲဖြစ်သည်။

စေသုတ္တာမင်းသားမှာ သူ့ဓါးချက်တွေ အရာမရောက်သည် ...ကို မြင်တွေ့ရသောအခါ ဒေါသအဟုန်ပို၍ရုန်းကြွလာသည်။ ရှက်၍ ...ဒေါသဖြင့် ကမူးရှူးထိုးတရကြမ်း ဝင်တိုက်လေတော့၏.. သို့သော် ...ဘယ်လိုပင်တိုက်တိုက် ကျေးတောသားက ရှောင်တိမ်းလိုက်နိုင်သည် ...ည်းပင်..။

ကြာတော့ သူမောလာသည်.. လက်မှိုင်ချရမလိုပင်ဖြစ် ...ကြသည်။

"မောင်မင်း ကျုပ်ကို ဘာလို့ပြန်မချတာလဲ တိုက်ပါတော့ ...သား"

"အရှင့်သားက ပြန်တိုက်စေချင်လို့လား.. ဒါဆိုလဲ အရှင် ...သား၏ ဆန္ဒကိုဖြည့်ဆည်းပေးရမှာပေါ့"

ကျေးတောသားက မခိုးမခန့်ပြုံးပြီးပြောသည်.. စကားဆုံး ...တာနှင့် လေအဟုန်လို လျင်မြန်သောနှုန်းဖြင့် တိုက်ကွက်ဆင်လာ၏။

အရိပ်နှစ်ခု ပူးကပ်သွားသည်.. လျှပ်စီးလက်သလို ဓါးရောင်



www.burmeseclassic.com

www.burmeseclassic.com



တပြက်ပြက်လက်လျှက်.. ခါးချင်းထိခတ်သံ တချွင်ချွင်တာထန်ထန်နှ

သာ ကြားနေရသည်။

တိုက်ပုံနိုက်ပုံကို သဲသဲကွဲကွဲ မမြင်ကြရပေ.. တအောင်

ကလေးမျှသာ ကြာသည်... ထန်ကနဲ ခါးချင်းထိသံအကျယ်ကြီး

ကြားလိုက်ရပြီးနောက်.. မင်းသား၏ ခါးအောက်သို့ လွတ်ကျသွား

သည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ကြရလေ၏။

မင်းသားကိုယ်တိုင်ပင် အဖြစ်အပျက်ကို မယုံနိုင်သလို မှင်

သက်နေမိသည်။

လူထုပရိသတ်ကြီးမှာ ပထမတော့ ကြက်သေသေကာ

ကြောင်အမ်းလျက်.. နောက်မှ သဘောတကျဖြင့် 'ဟေး'ခနဲ ထအော်

လိုက်၍ လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးကြလေတော့သည်။

"လူစွမ်းကောင်းလေး နိုင်ပြီ"

"လူစွမ်းကောင်းလေး နိုင်ပြီဟေ့"





## အခန်း(၁၁)

ဟတ္ထိနပူရ၏ နန်းတော်တွင်းတွင်ဖြစ်သည်။ ဘုရင်မင်းမြတ်

...ရှေ့တော်မှောက်ဝယ် စေသုတ္တာမင်းသားကို အနိုင်ယူလိုက်သော

...တောသားမှာ ခေါင်းငုံ့ဒူးတုပ်ခတ်လျှက်ရှိနေ၏။

အောင်ပွဲအတွက် ဘုရင်မင်းမြတ်က ဆုတော်ချီးမြှင့်ရန်

...က်ရှိနေခြင်းပင် ဖြစ်သည်။

ဘုရင်မင်းမြတ်သည် ကျေးတောသားလုလင်ကို အားရ

...နပ်သော မျက်လုံးများဖြင့် အတန်ကြာစူးစိုက်ကြည့်ပြီးနောက်

"မောင်မင်းရဲ့ နာမ ဘယ်လိုများခေါ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်အမေးကို ကျေးတောသားက မဖြေပါ။ ခေါင်းငုံ့နေမြဲတိုင်းသာ နေ၏။

ဘုရင်မင်းမြတ်က မသိမသာမျက်မှောင်ကြုတ်လိုက်သည် အနားတွင် ခစားနေသော မှူးမတ်ဝန်ကြီးတွေမှာ ကျေးတောသားလု ၏ နေပုံထူးကြောင့် အချင်းချင်းမျက်စပစ်သူပစ် တီးတိုးကဲ့ရဲ့သူ ဖြစ်ကုန်ကြသည်။

မင်းတရားကြီးက တွေတွေကြီးရှုစားတော်မူနေပြီးမှ မိန့် မူပြန်၏။

"မောင်မင်းရဲ့ မိဘတွေက ဘယ်သူလဲ.. ဘယ်တိုင်း ကနေ ရောက်လာရတာလဲ လျှောက်ချေစမ်းမောင်မင်း"

မင်းတရားကြီးက ခပ်ငေါက်ငေါက် မိန့်လိုက်တော့မှ တောသားမှာ ဝပ်လျက်ခစားနေရာမှ အလျှင်အမြန်ခါးဆန့်လက်ယှ

"မှန်ပါဘုရား ကျွန်တော်မျိုးအမည်မှာ သုမန၊ ကျွန်တော ၏ တိုင်းပြည်မှာ ဟတ္ထိနပူရ.. အမိအဘတို့မှာ အရှင်ဖခမည်း ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ပင် ဖြစ်ကြောင်းပါ"

"အလို"

အိပ်မက်အသစ်စာပေ



ကျေးတောသား၏ ရဲဝံ့သော လျှောက်တင်ချက်ကြောင့် ဘုရင်မင်းမြတ်အပါး ခစားနေသော မင်းမှုထမ်းများသာမက မင်းတရားကြီးကိုယ်တိုင်ပင် 'အလို' ဟူသော အာမေဋိတ်သံကြီး ရေရွတ်လျက် အံသြတကြီး ဖြစ်သွားကြလေ၏။

"ဒါဆို.. သားတော်လေး သုမနပေါ့.. မယ်မယ်သားလေး ပေါ့"

မိဖုရားခေါင်ကြီး၏ ဝမ်းသာအယ်လဲသံကြီး ထွက်ပေါ်လာပြန် သည်။

"ဟုတ်မှန်ကြောင်းပါ မယ်တော်ဘုရား"

"အို.. ကြည့်စမ်းပါဦး ... မသေကောင်း မပျောက်ကောင်း သားတော်ရယ်.. မယ်မယ်ဖြင့် ဒီတစ်သက် မတွေ့ရတော့ဘူးလို့ ထင်နေတာ.. မောင်တော်ဘုရား.. နှမတော်ရဲ့သားလေး လူကောင်း ပတိပြန်ဖြစ်လာတာ မောင်တော်ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာတာပေါ့ နှမတော်ရယ်.. မောင်တော်ဖြင့် အိပ်မက် များ မက်နေသလားလို့ ထင်နေမိတယ်"

သုမနမင်းသား လူကောင်းပတိ ပြန်ရောက်လာတာကို

အိပ်မက်အသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝမ်းသာနေမိသော်လည်း မကျေနပ်နိုင်သူများလည်း ရှိနေ ခဲ့ပါသည်။

ထိုသူများမှာတော့ အနောက်နန်းမိဖုရားနှင့် သားတော် စေသုတ္တာတို့ပင် ဖြစ်လေတော့သည်။

* * *





အခန်း(၁၂)

နောက်တစ်နေ့ မနက်ခင်းမှာ အတွင်းတော်၌ ဖခမည်းတော် ဘုရင်မင်းမြတ်နှင့် မယ်တော်ကို သုမနမင်းသားက ကြုံဆုံခဲ့ရသည့် အဖြစ်အပျက်အကြောင်းစုံကို ပြန်၍လျှောက်ထားလေတော့သည်။

သုမနမင်းသား လျှောက်တင်စကားဆုံးတော့ မိဖုရားခေါင်ကြီးက "မသေကောင်း မပျောက်ကောင်း သားတော်ရယ် သူတော်ကောင်းနဲ့တွေ့ပေလို့သာပေါ့"

"မယ်တော်စကားကြောင့် သုမနမင်းသား ကျေနပ်ပြုံးဖြင့် ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မယ်ကာကာဟာ သားတော်ရဲ့ ကျေးဇူးရှင်လဲ ဖြစ်သလို.. မယားဝတ္တရားကျေပွန်တဲ့ ဇနီးမယားလည်း ဖြစ်ပါတယ် သားတော် နဲ့အတူ သူတို့သားအမိကို တပါတည်းခေါ်လာချင်ပေမယ့် သားလေးက အရမ်းငယ်သေးတာက တစ်ကြောင်း ပြီးတော့ သားတော်က ဘယ်လို အခြေအနေမျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ မသိသေးတာကတစ်ကြောင်း မို့ မခေါ်လာခဲ့ရတာပါဘုရား.. နောက်နှစ်နှစ်ပြည့်တဲ့အခါကျမှ လိုက် လာခဲ့ဖို့ သားတော်မှာခဲ့ပါတယ် ဘုရား"

"အိမ်း အိမ်း ဒါလဲကောင်းပါတယ် သားတော်ရယ်.. သားတော်အတွက် လုပ်ဆောင်စရာကိစ္စတွေလုပ်ဖို့ အချိန်ရတာပေါ့"

ဘုရင်မင်းမြတ်၏ စကားကြောင့် မိဖုရားခေါင်ကြီးက အံ့သြ ဝမ်းသာဟန်ဖြင့် လှမ်းကြည့်၏။

"ဒါဆို.. နမတော်ရဲ့ သားတော်လေးကို နန်းတင်လို့ရပြီ ပေါ့နော်"

မင်းတရားကြီးက သားတော်သုမနကို စေ့စေ့ကြည့်၍ ပြုံးတော်မူ၏။ နောက်ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"အိမ်း.. ငါကိုယ်တော် ဒီနေ့ပဲ သားတော်သုမနအား အိမ်ရှေ့





စံအဖြစ် တင်မြှောက်ကြောင်း လူသိရှင်ကြားကြေငြာမကွဲ"

ဘုရင်မင်းတရား၏ အမိန့်တော်အဆုံး လိုက်လိုက်လှဲလှဲ ဝမ်း သာကြည်နူးမိသူများကတော့ မိဖုရားခေါင်ကြီးနှင့် သားတော်သုမန ပင်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

သုမနမင်းသားသည် အိမ်ရှေ့စံအဖြစ် နန်းတော်အတွင်း စံမြန်းနေစဉ် ဆောင်ရွက်ဖွယ်ကိစ္စအထွေထွေကို အလေးဂရုပြုဆောင်ရွက်လေ၏။

တိုင်းရေးပြည်ရာကိစ္စတွေကို ခမည်းတော်မျက်နှာလွှဲအားကိုးရသည်အထိ သုမနမင်းသားကြိုးစားပမ်းစား လုပ်ဆောင်သည်။

သည်နှင့်အချိန်တို့တစစ ကုန်ဆုံးလွန်မြောက်လာခဲ့၏။ များပြောင်လှသော တာဝန်ဝတ္တရားတွေကြား မအားမလပ်နိုင်အောင်ရှိနေပေမယ့် သုမနစိတ်ထဲအခါမယ် သတိရနေမိသည်မှာ သားချစ်မယားကိုသာဖြစ်သည်။





သူသတ်မှတ်ချိန်းဆိုခဲ့သည့်အချိန်ပင် ကျော်လွန်နေပြီဖြစ်သော်လည်း သူ့ဇနီးနှင့်သားကတော့ သူ့နောက်လိုက်မလာကြသေး

ဘာများဖြစ်နေကြလို့ပါလိမ့်

သူ့စိတ်ပူလှပြီ။

ထိုအကြောင်းကို မယ်တော်ပင် ဖွင့်ဟပြောကြားလေသည်။

"ခုဆိုနှစ်နှစ်တောင်ရှိနေပြီ.. သားတော်ရဲ့ကြင်ယာတော်က လိုက်လဲမလာပါလားကွယ်"

"သားတော်လဲအဲဒီကိစ္စကိုပဲ စဉ်းစားရကြပ်နေတာမယ်တော်· ဘာတို့ဘာဖြစ်လို့များ လိုက်မလာကြသေးလဲမသိဘူး.. သားတော် သေချာမှာခဲ့တာပါ မယ်တော်ဘုရား"

"အေးကွယ်.. အကြောင်းကြောင်းကြောင့် သားတော်ရဲ့ကြင်ယာတော်လိုက်မလာဖြစ်ခဲ့ဘူးဆိုရင်တော့"

မိဖုရားခေါင်ကြီးက စကားကိုတဝက်တပျက်ရပ်လိုက်ကာ သားတော်ဖြစ်သူကို အကဲခတ်ကြည့်သည်။

"အမိန့်ရှိပါ မယ်တော်ဘုရား"

သုမနမင်းသားက မယ်တော်ဆက်မည့်စကားကို စိတ်ဝင်စားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်တော် ဘာပြောချင်တာပါလိမ့်

"သားတော်မှာ ကြင်ယာတော်ရှိတယ်လေ မယ်တော်ဘုရား"

" အများအမြင်မှာတော့ သားတော်ဟာ ကြင်ရာမဲ့ နေသူတစ်ယောက်ပဲကွယ် မယ်တော်ပြောချင်တာက သားတော်နောက်လိုက်လာမယ် မလာဘူးဆိုတာ သေသေချာချာမသိနိုင်တဲ့ သားတော်ရဲ့ ကြင်ရာတော်ကိုစောင့်မနေပဲ··သားတော်အတွက် ကြင်ရာဖက်တစ်ပါး ရွေးချယ်တင်မြှောက်သင့်ပြီ ထင်တယ်"

မယ်တော်ကလိုအပ်ချက်တစ်ခုကို ထောက်ပြလိုက်ခြင်းသာဖြစ်သည်။

သို့သော် ထိုစကားက သူ့အတွက်စဉ်းစားစရာ ဖြစ်လာသည်

သူ့မနီးမယ်ကာက သူ့နောက်လိုက်မလာခဲ့ရင်ကော·· သူ့အာလုပ်ရမလဲ သူရောက်ခဲ့ဖူးသည် အရပ်ဒေသ···ပြီးတော့ မနီးသည်မယ်ကာက သူ့မှမမြင်ဘူးခဲ့တာ·· ဘယ်လိုပြန်သွားရှာမလဲ

အို···ခက်ရချည်ရဲ့···

"သားတော်မယ်တော်ပြောတာကြားရဲ့လား"





မိဖုရားခေါင်ကြီးသည် တွေတွေကြီးငြိမ်သက်နေငိုင်နေသော သားတော်ကိုအကဲခက်ရင်း မေးလိုက်၏။

"ကြားပါတယ်·· မယ်တော်ဘုရား"

"သားတော်ရဲ့ ဆန္ဒတော်ကရောကွဲ့"

မယ်တော်အမေးကို သူမနမင်းသား ရုတ်တရက်မဖြေနိုင်။ အတန်ကြာမှ သက်ပြင်းခပ်လေးလေးချရင်း

"သားတော်စဉ်းစားပါရစေဦး မယ်မယ်ဘုရားရယ်"

"မယ်တော်ကတော့ ဒီကိစ္စကို သားတော်အလေးအနက်စဉ်းစားစေချင်တယ်ကွယ်"

မယ်တော်စကားကို သူခေါင်းညိတ်၍သာ လက်ခံလိုက်မိသည်။ သူလည်း ဒီကိစ္စကို သေသေချာချာ စဉ်းစားမှ ဖြစ်တော့မည်သာ···

* * *

အဲသည်နောက်မှာတော့ လပေါင်းအတော်ကြာသည်အထိ မနီးနှင့်သားကို စောင့်နေမိသော်လည်း မျှော်သူသာမောသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပေါ်မလာ။ စိတ်မကောင်းဖြစ်ရုံကလွဲလို့ သုမနမင်းသားအဖို့ ဘာများတတ်နိုင်ပါဦးမည်နည်း။

ထိုနောက်တွင်တော့ မိဖုရားခေါင်ကြီး ပျက်စေကျသဘောတူ နေသော နန်းတွင်းထဲက မင်းသမီးတစ်ပါးကို ကြင်ယာတော်အဖြစ် အပ်နှင်းတင်မြှောက်ခဲ့သည်။

သုမနမင်းသားအဖို့ နိမ့်ပါးစဉ်အခါက မိမိအား ပင်ပန်းဆင်းရဲကြီးစွာ ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည် ဇနီးသည်မယ်ကာကာ၏ ကျေးဇူးတရားတွေကို အမြဲအောက်မေ့တသမိသည်။

သူအခြေမြင့်မြင့်ရှိစဉ်အခါကျမှ ကျေးဇူးရှင်မယားနှင့် အတူတူ မစံစားရခြင်းအတွက် ကြေကွဲမဆုံးဖြစ်မိရသည်။

တစ်နေ့လာနိုး၊ တစ်နေ့လာနိုးဖြင့် မျှော်လင့်စောင့်စားနေရုံမှ တစ်ပါး သူဘာများတတ်နိုင်ပါဦးမည်နည်း...။

ကံမကုန်သေးရင်တော့ တို့တွေပြန်ဆုံခွင့်ရပါစို့..ဟုသာ သုမနမင်းသား အထပ်ထပ်အခါခါတောင်းဆုခြွေနေမိပါတော့သည်။





## အခန်း(၁၄)

အချိန်ကား နေဝင်ရီတရော မှောင်စပျိုးချိန်ဖြစ်သည်။ ဟတ္ထိနပူရပြည်၏ မြို့ပြင်ဘက်လမ်းမပေါ်တွင် တစ်ကိုယ်လုံးလုံအောင် အဝတ်များခြုံထားသော မိန်းမတစ်ယောက်သည် ဖြူဖွေးပြီးအင်မတန်ချစ်ဖို့ကောင်းသော ကလေးငယ်တစ်ယောက်ကို လက်ဆွဲပြီး ဟတ္ထိနပူရမြို့တော်ဆီသို့ ဦးတည်လာနေကြသည်။

"သားရယ် မြန်မြန်လျှောက်ပါ တော်ကြာ မှောင်တော့မယ်.. မိုးချုပ်သွားလို့ မြို့တော်ထဲ ဝင်မရဖြစ်နေပါဦးမယ်."



www.burmeseclassic.com

www.burmeseclassic.com



"အမေ အနော်ခြေထောက်တွေ နာနေပြီလျှောက်လို့ရတော

ဘူးဗျ"

"ဩော်.. ဟုတ်လား.. ဒါဆို အမေချီမယ်လေ.. လ

သားလေးက ခြေထောက်နာနေတာကိုး.. အမေချီမှာပေါ့သားရယ်"

အဝတ်ခြုံထားသောမိန်းမက ကလေးငယ်ကို ပွေ့၍ချီလိုက်ပြ

ဆက်လျှောက်လာသည်။

မြို့တံခါးဝနားသို့ ရောက်သော် တံခါးမှူးက စစ်မေး

တားလေ၏။

"ဟေ့.. ဘယ်သူတွေလဲ"

"ကျွန်မတို့သားအမိက ခရီးသွားတွေပါရှင်"

"ဘာကိစ္စနဲ့လာတာလဲ"

"ကျွန်မမောင်ကြီးဆီသွားချင်လို့ပါ"

"မင်းမောင်ကြီးက ဘယ်သူလဲ"

"မောင်ကြီးသုပါ"

"ဘယ်မှာနေတာလဲ"

"နေရပ်တိတိကျကျတော့ ကျွန်မမသိပါဘူးရှင်"





တံခါးမှူးက တစ်ကိုယ်လုံးအဝတ်ဖြင့် ဖုံးထားသောမိန်းမကို

သံသက်ာဟန်ဖြင့် စေ့စေ့ကြည့်လေ၏။

"ဟေ့.. ဒါဆိုမြို့ထဲကို ဝင်ခွင့်မပေးဘူး နာမည်လဲ မပြည့်

စုံ လိပ်စာလဲမတိကျနဲ့ ဝင်လို့မရဘူး သွား..သွား"

တံခါးမှူးက အတင်းနှင်လွှတ်မောင်းထုတ်လေရာ အဝတ်ခြုံ

ထားသောမိန်းမက ကပျာကယာဖြင့်

"ဩော်.. နေကြပါဦးရှင်.. ဒီမှာ မောင်ကြီးသုပေးထားတဲ့

ပစ္စည်းလေးရှိပါတယ်.. ဒါလေးကိုမြင်ရင် မောင်ကြီးသုကို သိကြမှာ

ပါ"

ပြောပြောဆိုဆို အဝတ်ဖြင့်ထုတ်ထားသော အထုပ်ကလေး

အတွင်းမှ တစ်စုံတစ်ရာကို နှိုက်ယူလိုက်လေ၏။ ထို့နောက် တုန်ယင်

သောလက်အစုံဖြင့် တံခါးမှူးအား လှမ်းပေးလိုက်သည်။

တံခါးမှူးမှာ ထိုပစ္စည်းကို မြင်ရသည်နှင့် အံ့ဩတကြီး

ဖြစ်သွားလေ၏။

"နဝရတ်ကိုးသွယ်လက်စွပ်"

အလွန်အဖိုးအနဂ္ဃထိုက်တန်လှသောပစ္စည်းပဲ ဒီမိန်းမလက်ထဲ

မှာ ဘာဖြစ်လို့ရှိနေရတာလဲ..



www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့ မောင်ကြီးသူဆိုတာ ဘယ်သူလဲ···

အို·· ဘာဘဲဖြစ်ဖြစ်·· ဒီလောက် တန်ဖိုးကြီးတဲ့ပစ္စည်း ငါ့သာအပိုင်ရရင်တော့··

လောဘစိတ်ဖြင့် မတွေးသင့်တာတွေ တံခါးမှူးကြီးတ ယောက် တွေးမိပါပြီ··

"ဟဲ့·· မိန်းကလေး ဒီလောက်တန်ဖိုးရှိတဲ့ပစ္စည်း မင်း ဘယ်ကရတာလဲ မဟုတ်မှလွဲရော·· မင်းခိုးလာတာပဲဖြစ်ရမယ်·· ဟုတ်တယ်မဟုတ်လား·· မင်းခိုးလာတာမှတ်လား"

"မဟုတ်ပါဘူးရှင်·· ကျွန်မခိုးလာတာ မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ·· မင်းခိုးလာတာ·· သူခိုးမ··ဟေ့ရဲမက် တွေ ဒီသူခိုးမကို ရိုက်ထုတ်လိုက်ကြစမ်း"

"အို··· မလုပ်ကြပါနဲ့··"

ဘယ်လိုရှင်းပြ··ရှင်းပြ··တောင်းပန်တောင်းပန် တံခါးမှူးကြီး တစ်ယောက် ဘယ်လိုမှနားမဝင်တော့ချေ·· လောဘအမှောင်ဖုံး သောစိတ်သည် အမှားအမှန်ကိုခွဲခြားမသိနိုင်တော့ပြီဖြစ်၏။

ရဲမက်တွေ ရိုက်နှက်ကန်ကြောက်ခြင်းကို မယ်ကာကတ ယောက် အလူးအလဲခံနေရရှာသည်။





အားရအောင်ရိုက်နှက်ပြီးမှ မြို့ရိုးတံခါးကို ကျိုင်းကနဲဆောင့် ပိတ်လိုက်ကြလေ၏။

မယ်ကာကတို့ သားအမိမှာ မြို့ပြင်တွင်ကူကယ်ရာမဲ့စွာ·· ငြိုးငြင်မြည်တမ်းနေရုံမှအပ အခြားမတတ်နိုင်တော့ပြီလည်း ဖြစ်ပေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ညဉ့်နက်လာသည်နှင့်အမျှ အအေးဓါတ်ကပိုး၏။ အသား

ထဲက စိမ့်ကနဲစိမ့်ကနဲနေအောင် ချမ်းလှသည်။

ချမ်းလွန်းသဖြင့် လှုပ်ပင်မလှုပ်ချင်။ ခြေဖျားများ၊ လက်ဖျာ

များက အေးစက်ကာ ထုံကျဉ်နေသော်လည်း မျက်လုံးများက ပူနေ

သည်။ အာခေါင်ခြောက်နေသည်။

မြို့ရိုးအပြင်ဘက်ထောင့်ကလေးတွင် မှီထိုင်ရင်း မယ်ကာက

တို့သားအမိ ညဉ့်လေပြေ၏အအေးဓါတ်ကို တုန်ခိုက်နေအောင် ခံစားနေ

ရရှာသည်။





ရဲမက်တွေ ရိုက်နှက်ထားသည့် ဒဏ်ရာအရှိန်နဲ့ ခရီးပန်းလာ

ည့်အရှိန်တို့ကြောင့် မယ်ကာကမှာ အဖျားတက်လျက်ရှိနေ၏။

သားလေးကလည်း ချမ်းလွန်းသဖြင့် ငိုနေရှာသည်။

ယ်ကာကမှာ သားလေးကိုရင်ခွင်ထဲဆွဲသွင်းပွေ့ဖက်ထားမိသော်လည်း

သားလေးက အချမ်းပြေပုံမရပေ‥

"မေမေ ချမ်းတယ်"

"အင်‥အင်‥လာ‥အမေနားတိုး၊ အမေဖက်ထားမယ်"

မယ်ကာကက အိပ်ချင်မူးတူးပြောသည်။ ထို့နောက်ချက်ချင်းပင်

ပြီးအိပ်ပျော်သွားပုံရသည်။

ပင်ပန်းနွမ်းနယ်လွန်းသဖြင့် သူမသိစိတ်ကင်းလွတ်မတတ်ဖြစ်

နေသည်။ တစ်ကိုယ်လုံး မလှုပ်ချင်မကိုင်ချင်‥

ခေါင်းကလည်း တစစ်စစ်ကိုက်နေသည်။ ရိုက်ခံထားရသည့်

ဒဏ်ရာတွေက ကိုက်ခဲနာကျင်လှသည်‥ ကိုယ်တွေလည်း ခြစ်ခြစ်

တောက်ပူလျက်ရှိနေ၏။

မောင်ကြီးရေ ကျွန်မတို့အဖြစ်ကို လာကြည့်လှည့်ပါဦးတော်‥

မောင်ကြီးကို သတိရမိတော့ မယ်ကာကာ၏ နှလုံးသားထဲတွင် စူးနစ်ပြီး

နာကျင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ·· အမေ"

တိုးညင်းသောအသံလေးကို ကြားရသည်။

"အမေ ချမ်းတယ်"

"အင်း"

"အမေ ချမ်းတယ်"

အသံသည် တဖြည်းဖြည်းဝေး၍သွားသည်··

"သားလေး အမေ့နားတိုး"ဟု ပြောလိုက်မိသလားဆိုတာ တောင် သူမမသိနိုင်တော့ပါ···

နာကျင်ကိုက်ခဲခြင်းဝေဒနာသည်လည်း စိမ့်ပြီးအေးသော အသိနှင့်အတူ ပျောက်ကွယ်၍သွားလေပြီ··

သူမ ဘာဆိုဘာမှ မသိနိုင်တော့··

"အမေ"

"အမေ"

သားလေးက ငြိမ်သက်သွားသော မအေဖြစ်သူကို တိုးတိုး ခေါ်ကြည့်သည်။

မထူး။





ကိုယ်ကို တအားလှုပ်နိုးခေါ်ကြည့်ပြန်သည်။

ပြန်မဖြေ။

"အမေ··ဟီးဟီးဟီး··အမေ··"

မအေဖြစ်သူ၏ တုန့်ပြန်ထူးသံမကြားရသည့်အခါ ကလေးက အားငယ်ပြီးငိုလေ၏။

အာခေါင်ခြစ်၍ သည်းသည်းလှိုက်လှိုက်ငိုကြွေးပါလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ကလေးငယ်၏ ရှုံ့ရှုံ့သောငိုသံသည် လေပြေသယ်ဆောင်ရာသို့ အလိုက်သင့်မျောပါပျံ့နှံ့၍ သွားလေရာ.. နန်းတော်တွင်းအဆောင်တော်၌ အိပ်ပျော်နေသော သုမနမင်းသား၏ နားစည်တွင်းသို့ ရှုံ့ရှုံ့စွာ တိုးဝင်ရိုက်ခတ်လာပါလေတော့သည်။

ရှုံ့ရှုံ့ဝါးဝါးကလေးငိုသံကြောင့် သုမနမင်းသားစက်ရာမှ လန့်နိုးလာ၏။

ပထမတော့ အိပ်မက်မက်နေသည်ဟုပင် ထင်လိုက်မိပါသည်။





သို့သော်...

နောက်တစ်ကြိမ် ကလေးငိုသံထပ်ကြားလိုက်ရသဖြင့် ...ပ်မက်မဟုတ်မှန်း သိလိုက်ရသည်။

"အို..ကလေးငိုသံပါလား.. ရှုံ့ရှုံ့ဝါးဝါးအော်ဟစ်ငိုနေလိုက်တာ ဘာများဖြစ်လို့ပါလိမ့်"

အတွေးနှင့်အတူ စက်ရာသလွန်မှ အသာအယာဆင်းလိုက်သည်။ အသံကို ထပ်နားစွင့်နေမိပြန်သည်။

ကလေးငိုသံကား မရပ်နိုင်သေး။ ဒီလောက် ကလေးငိုနေတာ ဘယ်သူမှ မချော့မော့ကြဘူးလား..

ကလေးကလည်း ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေရပါလိမ့်နော်..

ထူးဆန်းစွာပင် ကလေးငိုသံသည် သူ့ရင်ထဲထိ ရှုံ့ကာနစ်လိုက်ခနဲ ခံစားလိုက်ရသည်။ ထိုငိုသံကို လျစ်လျူရှု၍ မရနိုင်လောက်အောင် သူနေမထိထိုင်မသာ ဖြစ်နေသည်။ အသံသည် သူ့အားညှို့ငင်ခေါ်ဆောင်နေသလို ထင်ရသည်။

သူလုံးဝ နေလို့မရတော့...



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ကြားနိုင်စွမ်းမရှိတော့..

ထိုကြောင့် သုမနမင်းသားသည် ကိုယ်ရံတော်အချို့ခေါ်၍ အသံလာရာဆီသို့ ထွက်လာမိခဲ့လေတော့သည်။

ကလေးငိုသံသည် မြို့ပြင်ဘက်မှ လာခြင်းဖြစ်သည်။ မြို့ရိုးတံခါးဝသို့ မြင်းဒုန်းဆိုင်းစီးကာ ကြွချီလာသော သုမနမင်းသားကို မြင်လျှင် တံခါးမှူးဖိုးသော်မှာ ပျာပျာသလဲဖြင့် အိမ်ရှေ့စံကို ကြိုဆိုသည်။

“ဟေ့.. ကလေးငိုသံကြားရတယ် ဒီနားမှာပဲ.. တံခါးမှူးဖိုးသော် အသံဘယ်ကထွက်နေတာလဲ”

“ဟို..မြို့တံခါးအပြင်ဘက်ကပါ ဘုရား”

“ဟေ့..ဒီလောက် ကလေးငိုသံဆူညံနေတာ မောင်မင်းတို့ ဘာလုပ်နေကြတာလဲ နားပင်းနေကြရော့သလား... မြို့တံခါးမြန်မြန် ဖွင့်စမ်း”

“ဟုတ်.. ဟုတ်ကဲ့ပါ အရှင့်သား”

တံခါးမှူးက ကြောက်ကြောက်လန့်လန့်ဖြင့် မြို့ရိုးတံခါးကို ဖွင့်ရန် အမိန့်ပေးလိုက်သည်။





မြို့တံခါးပွင့်လေပြီ။

အိမ်ရှေ့စံသုမနသည် မြို့ရိုးပြင်ထွက်ကြည့်မိသောအခါ မြို့တံခါးထောင့်ကလေးတွင် မေ့မြောလဲကျနေသော မိန်းမတစ်ယောက် ၏နံဘေးတွင် တက်မတတ်ချက်မတတ်ဟစ်အော် ငိုကြွေးနေသာ ကလေးငယ်ကို တွေ့ရလေ၏။

“ဟေ့..သူတို့ကို နန်းတော်ဆီမြန်မြန်ခေါ်သွားကြစမ်း.. အပြင်မှာ ဒီလောက်အေးနေတာ သေကုန်ကြတော့မှာပဲ”

အိမ်ရှေ့စံ၏ ခပ်ငေါက်ငေါက်အမိန့်ပေးသံအဆုံး ကိုယ်ရံတော် လက်တွေက အလောတကြီးဖြင့် ဒုက္ခသည်သားအမိကို မြင်းပေါ်တင်၍ နန်းတော်ဆီ ထွက်ခွာသွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

နောက်တစ်နေ့မနက်ခင်းတွင် သုမနမင်းသားသည် ညကခေ
ဆောင်လာသည့် မိန်းမကို အခြေအနေကြည့်ရှုရန် အဆောင်တော်သို့
ရောက်ရှိလာလေ၏။

"အိမ်ရှေ့စံကိုယ်တော်ကြီး ကြွလာပါတယ်"

သတိပေးအော်မြည်သံကြီး ထွက်ပေါ်လာပြီးနောက် အဆော
တံခါးဝ၌ သမားတော်ကြီးက ပျာပျာသလဲဆီး၍ကြိုလေ၏။

"လူနာအခြေအနေ..ဘယ်လိုရှိလဲ သမားတော်ကြီး"





"သူသက်သာပါတယ်.. သတိလည်းရနေပါပြီ အရှင့်သား"

"အိမ်း..ကောင်းပါပေတယ်ကွယ်.. ဒါဆို ကျုပ်ဝင်ကြည့်
ဦးမယ်"

သုမနမင်းသားက ပြောပြောဆိုဆိုအခန်းတွင်းသို့ ဝင်လိုက်
သည်။ အခန်းတွင်း၌ကားကျေးကျွန်တော်သုံးယောက်က လူနာအား
ပြုစုလုပ်ကိုင်ပေးနေသည်ကို တွေ့ရသည်။

လူနာမိန်းမမှာ နံရံဘက်သို့ မျက်နှာမူကာ အိပ်နေသဖြင့်
ထိုမိန်းမ၏မျက်နှာကို မမြင်ရပေ..

အိမ်ရှေ့စံမင်းသားကြွလာသဖြင့် ကျေးကျွန်တော်တစ်ယောက်
က လူနာအားနှိုးလိုက်သည်။

"အို.. နေပါစေ., သူအိပ်ပါစေ"

အသံကြားလိုက်၍တင် လူနာမိန်းမက ဖျတ်ကနဲလှည့်ကြည့်
လာသည်။ ရုတ်တရက် မြင်လိုက်ရသော မျက်နှာကြောင့် အိမ်ရှေ့စံ
သုမနသည် လန့်ဖြတ်သွားသလို နောက်သို့ခြေနှစ်လှမ်းမျှပင် ဆုတ်လိုက်
သည်။

အလွန်တရာမှ နက်မှောင်မည်းကြုတ်လှသော အသားအရေ
နှင့် ရုပ်ဆိုးလှသောမျက်နှာကြီး..



www.burmeseclassic.com

www.burmeseclassic.com



ဘုရား‥ဒါလူမှဟုတ်ပါလေစ‥

သူရဲ့အံ့သြလန့်ဖြတ်မှုကြောင့် တဖက်သားကို အားတုံ့အားနာ

ဖြစ်သွားဟန်ဖြင့် သုမနမင်းသား ဣန္ဒြေဆည်ကာ ပြုံးလိုက်မိသည်။

"သက်သာပါရဲ့လား နှမငယ်"

ပဋိသန္ဓာရစကားကို ဂရုဏာသက်စွာ မေးမိသည်။ လူနာ

မိန်းမက အိမ်ရှေ့စံကို မြင်သည်နှင့် သလွန်ပေါ်မှ ကပျာကယာဆင်းက

ဒူးတုတ်၍ လက်နှစ်ဖက်ယှက်ကာ ခစားလိုက်၏။

"အို‥ရပါတယ်‥ နေပါစေ‥ နေသာသလိုနေပါကွယ်"

"ကျွန်တော်မျိုးမရဲ့ သားကလေးရောဟင်"

"ကျုပ်ရဲ့နန်းဆောင်မှာ ခေါ်ထားပါတယ်‥ ကျုပ်ကြင်ယာ

တော်ကလည်း ကလေးကို အရမ်းချစ်နေတယ်လေ‥ ကျုပ်တို့မှာ

သားသမီးကလဲမရှိဘူးမို့လား‥ ဒါကြောင့် ကလေးသူငယ်မြင်ရ

ချစ်တတ်ကြတယ်‥ ဒါနဲ့ အမိက ဘယ်လိုဖြစ်တာလဲ"

အိမ်ရှေ့စံမင်းသား၏ တရင်းတနှီးရှိလှသောစကားတို့ကြော

မယ်ကာကမှာ ရှိုက်ငိုရဲရဲဖြင့်လည်းပြောဆိုရဲလာ၏။

"ကျွန်တော်မျိုးမက ခရီးဝေးကလာခဲ့ရတာပါ‥ ဟောဒီ

နေတဲ့ကျွန်တော်မျိုးမရဲ့ မောင်ကြီးဆီလာတာပါ‥ ဒါပေမယ့် မောင်ကြ





နေရပ်လိပ်စာလဲအတိအကျမသိတော့ တံခါးမှူးက ကျွန်တော်မျိုးမတို့

မြို့ထဲပေးမဝင်ပါဘူးရှင်‥ အဲဒါနဲ့ ကျွန်တော်မျိုးမလဲ မောင်ကြီးပေး

ထားတဲ့ပစ္စည်းလေးကို တံခါးမှူးကို ထုတ်ပြလိုက်မိတယ်‥ မောင်ကြီး

ပြောထားတာက အဲဒီပစ္စည်းလေးမြင်ရင် သူနေတဲ့နေရာကို သိပါလိမ့်

မယ်ဆိုလို့ ကျွန်တော်မျိုးမထုတ်ပြမိတာပါ‥ တံခါးစောင့်မှူးက

ပစ္စည်းလဲ မြင်ရော‥လောဘတတ်ပြီး‥ သူယူထားလိုက်ပါတယ်‥

ကျွန်တော်မျိုးမကိုတော့ ရိုက်နှက်ပြီးမောင်းထုတ်ခဲ့ပါတယ်‥ ကျွန်တော်

မျိုးမလဲ ဘယ်သွားလို့ဘယ်လာရမှန်းမသိတာနဲ့ မြို့တံခါးမှာပဲ နေနေမိ

တာပါ‥ နောက်ခရီးပန်းလာတဲ့အရှိန်နဲ့ ရိုက်နှက်ခံထားရတဲ့ အရှိန်တွေ

ကြောင့် အဖျားတက်ပြီး မေ့သွားတာပါဘုရား"

သည်စကားတွေကြားတော့ သုမနမင်းသားသည် တစ်စုံတစ်

ခုကို တွေးတောမိလိုက်ပေမယ့် 'မဟုတ်နိုင်ပါဘူးလေ'ဟု အတွေးကို

ဖျက်ချင်းဖျောက်ပစ်လိုက်သည်။

"ဪ‥ အမိအဖြစ်က သနားစရာပေပဲ‥"

သုမနမင်းသားသည် တောက်တစ်ချက်ပြင်းပြင်းခေါက်လိုက်

လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အခန်းဝကရဲမက်တွေဘက်သို့ လှည့်ကာ

"ဟော့ ရဲမက်တို့ ယခုချက်ချင်း တံခါးမှူးဖိုးသော်ကို သွားရောက်ဖမ်းဆီးကြစမ်း.. ဒီလိုမတရားမှုမျိုးကို ကျုပ်လက်ပိုက်ကြည့် မနေနိုင်ဘူး.. မတရားအမှုပြုတဲ့သူကို ချက်ချင်းအပြစ်ပေးရမယ်.. ကဲ..သွားကြစမ်း ဒင်းကိုမြန်မြန်ခေါ်လာခဲ့ကြ"

အိမ်ရှေ့စံအမိန့်ဆုံးသည်နှင့် ရဲမက်တို့က နှာခံစွာအပါးမှ လှစ်ခနဲထွက်ခွာသွားကြလေ၏။

"အမိ..ဘာမှ မပူနဲ့နော်.. အမိပစ္စည်းပြန်ရပါစေမယ်"

မယ်ကာကက ဦးခေါင်းကိုသာ ခပ်သွက်သွက်ညိတ်ပြလိုက်၏ သည်။ ဒီပစ္စည်းလေးက မောင်ကြီးနှင့် ဆက်သွယ်ရန်တစ်ခုသော နည်းလမ်းပေပဲ.. ပြန်မရလို့တော့ မဖြစ်ချေ...

အမြန်ဆုံး ပြန်ရလာပါစေ..ဟု ဆုတောင်းမိရုံမှတစ်ပါး..

"တံခါးမှူးဖိုးသော် ထွက်ပြေးသွားပါပြီဘုရား"

ကြားလိုက်ရသော သတင်းစကားက သူနားထဲသံရည်ပူနှင့် အလောင်းခံလိုက်ရသလို ပူလောင်ပြင်းပြသွားသည်။

ခေါ်သွားအပူအမီးတို့ ဟုန်းကနဲ ထကြွလောင်မြိုက်လာ၏





"သယ်.. ရာရာစစ ဒင်းကမတရားလုပ်ပြီး ပြေးပြီပေါ့.. လက်က ပြေးလို့လွတ်မတဲ့လား.. ဟော့ ရဲမက်တို့ ဒင်းကို လှည့်နေ အောင်းမြင်စောင်းကမကျန် မတွေ့တွေ့အောင်ရှာပြီး ငါ့ခီခေါ်လာခဲ့ ကြ... မရရအောင် အမိဖမ်းလာခဲ့ကြ"

"အမိန့်တော်တိုင်းပါဘုရား"

ရဲမက်တွေ ထွက်သွားတော့ အိမ်ရှေ့စံကိုယ်တော်ကြီး ဘက်တချက်ပြင်းပြင်းခေါက်ကာ အံတင်းတင်းကြိတ်သည်။

"ရာရာစစ... အတင့်ရဲလိုက်လေ.. ငဖိုးသော်ရယ်.. တွေ့နိုင်ရပြည်မှာ ဒင်းလိုအကျင့်ပျက်မင်းမှုထမ်းတွေ အပျောက်ရှင်းရ ယ်..တော့က်"

www.burmeseclassic.com



အခန်း(၁၈)

မယ်ကာကမှာ သမားတော်ကြီး၏ ဂရုတစိုက်ကုသမှုကြော
လည်းကောင်း၊ အိမ်ရှေ့စံကိုယ်တော်ကြီး၏ အမှုထမ်းတွေ ပြုစုလုပ်ကို
ပေးကြသည်ကတစ်ကြောင်း၊ စိတ်ပန်းလက်ပြေ သက်တောင့်သက်သ
နေခွင့်ရသည်က တစ်ကြောင်းကြောင့် အချိန်အနည်းငယ်အတွင်းမှာပ
ဒဏ်ရာများ သက်သာပျောက်ကင်း၍ အားပြည့်လန်းဆန်းလာခဲ့ပြီဖြ
သည်။

သို့သော် အိမ်ရှေ့စံ၏ ကူညီစောင့်ရှောက်မှုဖြင့် ဤနန်းဆော
တော်တွင်းသို့ ရောက်ရှိလာခဲ့သည်အချိန်မှစ၍ ယနေ့အထိ သူမသ
လေးနှင့် တွေ့ခွင့်မရသေးပေ။

အိပ်မက်အသစ်စာပေ



သားလေးနေမှ ကောင်းရဲ့လားမသိ..

အမှုထမ်းတွေ၏ စကားအရ သားလေးကို အိမ်ရှေ့စံကိုယ်တော်ကြီးက ခေါ်ထားသတဲ့...

ကိုယ်တော်ကြီးကလည်း ပြောပေသားပဲ.. သူကြင်ယာတော်က သားလေးကိုချစ်ရှာသတဲ့..

သားလေးတော့ စားကောင်းသောက်ဖွယ်တွေ စားပြီး၊ ကောင်းကောင်းနေရလို့ ပျော်နေရှာမယ်ထင်ပါရဲ့လေ..

"အိမ်ရှေ့စံကိုယ်တော်ကြီးက အခေါ်တော်လွှတ်လိုက်ပါတယ်"

ပြတင်းတံခါးကို မှေးမှီရင်း အတွေးဖြန့်နေသော မယ်ကာကမှာ မင်းမှုထမ်းတစ်ဦးလာပြောတော့မှ ကပျာကယာနောက်မှ လိုက်လာခဲ့ရတော့သည်။ အိမ်ရှေ့စံ၏ ဆောင်တော်ခန်းသို့ နီးလာသည့်နှင့် ကလေးချော့မြူသံတွေ၊ ရယ်သံတွေ ကြားလိုက်ရသည်။

"ဩော်.. တွေ့လား.. ကလေးကမောင်တော်ကို ပိုချစ်တယ်ထင်ပါရဲ့ မောင်တော်အနားက ခွာကိုမခွာတော့ဘူး"

"ဟုတ်လား သားသားက ဦးရီးကို ချစ်လို့လား"

အိပ်မက်အသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အနော် ဦးရေးကို ချစ်တယ်"

"ကဲ..ကြည့်ပါဦး စကားတတ်လိုက်တာ"

ရယ်သံမောသံစကားပြောသံများကို ကြည်နူးချမ်းမြေ့စွာ နားဆင်မရ၏။ မယ်ကာကာသည် အဆောင်တော်တွင်းသို့ ခေါင်းငုံ့လ အုပ်ချီလျှက်ဝင်ရောက်ခံစားလိုက်သည်။

ရယ်သံတွေ.. တိတ်သွားသည်။

"အမေ့"

သားလေးအသံ ကြားရသည်..။ မယ်ကာက ခေါင်းမမော့ရပါ"

အိမ်ရှေ့စံကိုယ်တော်က မော်ဖူးစေလို့ မမိန့်ပဲကြည့်ခွင့်မရှိဘူ မို့လား..

"ကဲ..မော်ဖူးစေ"

အိမ်ရှေ့စံ၏ အမိန့်သံကြားရမှ မယ်ကာကာသည် ကိုယ်တော် ကြီး၏ ခြေအစုံမှ တဖြည်းဖြည်း မျက်လွှာပင့်ကြည့်လိုက်သည်။

အို..

မြင်လိုက်ရသောမျက်နှာမှာ တစ်သက်မေ့ရက်စရာ မရှိသည် မျက်နှာတော်ဖြစ်နေသည်။

အိပ်မက်အသစ်စာပေ



မောင်ကြီးပါလား..

နန်းဝတ်နန်းစားဝတ်စုံဖြင့် ခံ့ညားတည်ဝါနေသော မောင်ကြီး.

ဘုရားရေ.. ဒါအိပ်မက်များ မက်နေလေသလားရောလား..

သူရှာဖွေနေခဲ့သည် မောင်ကြီးကို မျက်ဝါးထင်ထင်တွေ့မြင် နေရပြီ..

အံ့သြဝမ်းသာစိတ်ဖြင့် ရင်တလှပ်လှပ်ခုန်လာသည်။ နှုတ်ခမ်း တွေ တဆွဆွလှုပ်လာ၏။

'မောင်ကြီး' လို့ အားပါးတရ ဟစ်အော်ခေါ်လိုက်ချင်သော် သည်း အသံကထွက်မလာ.. ဝမ်းသာလုံးဆို့နေသည်။

"ဒီက ကလေးရဲ့အမေနာမည်က ဘယ်သူတုန်း.. ခုထိ မသိရသေးဘူးနော်"

မောင်ကြီးနှုတ်ဖျားမှ ထွက်ကျလာသည့် အမေးစကားကြောင့် မယ်ကာက အံ့သြကြောင်ငေးသွားသည်။

ဟုတ်ပါရဲ့.. မောင်ကြီးက ငါ့ကိုမှမမြင်ဘူးတာ..

ဒါပေမယ့် ငါ့အသံကို မောင်ကြီးဘာလို့ မမှတ်မိတာလဲ..

ခုချိန် မယ်ကာကပါလို့ ပြောလိုက်ရင် မောင်ကြီးဘယ်လို ဖြစ်သွားမလဲ.. ပြီးတော့ မောင်ကြီးနံဘေးကကြင်ယာတော်..

အိပ်မက်အသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အို‥မောင်ကြီးကြင်ယာတော်က ချောလှချည်လား‥ ငါ

များ ကွာပ့ါ မိုးနဲ့မြေလို အဆမတန်မကွာလွန်းလှပါတယ်‥ ဒီလော

လှတဲ့ မိန်းကလေးကို ကြင်ယာတော်အဖြစ် ရွေးချယ်တာမမှားပါဘူး

ငါလိုကျေးတောသူတစ်ယောက်က မောင်ကြီးလို အိမ်ရှေ့

တန်ရဲ့လား‥ ငါ့ရုပ်ငါ့ရည်နဲ့ အိမ်ရှေ့စံရဲ့ ကြင်ယာတော်ဖြစ်ခွင့်ရှိရဲ့လ

အို‥ မဖြစ်နိုင်ဘူး‥ ငါလိုရုပ်ဆိုးမကို မောင်ကြီးနှစ်သက်မှာမဟုတ်

မောင်ကြီးလက်ခံမှာမဟုတ်ဘူး‥

"ဟို‥ မယ်ကျေးအုံပါ ဘုရား"

"သြော်‥ မယ်ကျေးအုံ ဒဏ်ရာတွေသက်သာပျောက်က

ပြီလားကွဲ့"

"မှန်လှပါ‥ အရှင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်တော်မျိုး

ဒဏ်ရာတွေ ပျောက်ကင်းကုန်ပါပြီ‥ဘုရား"

"သြော်‥ အေး‥အေး‥ကောင်းပါပေတယ်ကွဲ့‥ဒါနဲ့

မယ်ကျေးအုံရဲ့ ပစ္စည်းလေးမကြာခင်ပြန်ရစေပ့ါမယ်ကွယ်‥ တံခါး

ငဖိုးသော်ကို မကြာခင်မိတော့မှာပါ စိတ်မပူမနေနဲ့နော်"

လက်စွပ်ပြန်မရမှာကို စိတ်မပူပါဘူး၊ လက်စွပ်ပြန်ရမှာကို





ပူပန်မိပါတယ်ဘုရားလို့သာ ပြောလိုက်ချင်တော့သည်။ လက်စွပ်သာ

ပြန်ရလာရင်‥

ဘုရားရေ‥ သူမိမတွေးရဲတော့ပါ။

"မောင်တော် သူ့ကို နှမတော်တို့စိစဉ်ထားတဲ့ကိစ္စလေး ပြော

လိုက်လေမောင်တော်ရဲ့"

အိမ်ရှေ့စံ၏ ကြင်ယာတော်က ပြောလာသည်။ အိမ်ရှေ့စံ

ကိုယ်တော်ကြီးက ကြင်ယာတော်ကို ခပ်ပြုံးပြုံးကြည့်ပြီး ခေါင်းတဆတ်

ဆတ်ညိတ်ကာ‥

"အေးပါကွယ်‥ ပြောပါ့မယ်"

အိမ်ရှေ့စံကိုယ်တော်ကြီးက ရှေ့မှာခစားနေသည့် မယ်ကျေးအုံ

ကို လှမ်းကြည့်ပြီး

"ဟဲ့‥‥မယ်ကျေးအုံ‥ ကိုယ်တော်ကြင်ယာတော်ကတော့

အတင်းပူဆာနေပြီ‥ မယ်မင်းရဲ့ သားလေးကို မွေးစားချင်တယ်တဲ့လေ

အဲဒါ မယ်မင်းသဘောကရော ဘယ်လိုရှိသလဲကွဲ့"

"ဘုရား"

မယ်ကာကာ မှာ ဘုရားသာ'တ'နိုင်တော့သည်။ ဘာပြောလို့

ပြောရမှန်းမသိတော့‥

www.burmeseclassic.com



"ဒီအတွက် ညည်းမနစ်နာစေရပါဘူးဟယ်.. သခင်မတို့က ဥစ္စာပစ္စည်းတွေပေးမှာပါ.. ညည်းသားလေးကို သခင်မတို့က သားအ ရင်းလေးလို ချစ်မှာပါ ကလေးကို သံယောဇဉ်ဖြစ်နေလို့ပါ မယ်ကျေးအုံ ရယ်.. သခင်မတို့ကို မွေးစားဖို့ခွင့်ပြုပေးပါနော်"

အိမ်ရှေ့စံ၏ ကြင်ယာတော်ကလည်း လိုက်လိုက်လှဲလှဲတောင်း ဆိုလာတော့ မယ်ကာကအဖို့ ငြင်းရခက်နေလေပြီ..

သူ့သားနှင့် သူ့အဖေမခွဲမခွာအတူတူနေရမည်။ ပြီးတော့ သားလေး၏ဘဝအနာဂတ်ဖြောင့်ဖြူးသာယာသွားပေမည်။

ထိုအချက်နှစ်ချက်ကို ဦးစားပေးစဉ်းစားမိသည်။

အဲဒါဆိုရင်တော့ ငြင်းလောက်စရာမရှိ.. သားလေးကောင်း စားရေးအတွက် သူမလမ်းဖွင့်ပေးရပေမည်။

သို့ပေမယ်.. သူကရော.

သူမအတွက်တော့ ရင်နှစ်မွှာခွဲ၍ အသဲကိုထုတ်ပေးလိုက်ရ သည်နှင့် ဘာများခြားနားပါဦးမည်နည်း။

တစ်သက်လုံးသူမလက်နဲ့ သူမရင်ခွင်ထဲ၌ စောင့်ရှောက်ယုယ ခွင့်ကျွေးမွေးပြုစုခွင့်တို့ လက်လွှတ်ဆုံးရှုံးရပေတော့မည်။





ဤသို့တော့မဖြစ်မခံနိုင်ပါ...

"အရှင်နဲ့အရှင်မရဲ့ တောင်းဆိုချက်ကို ကျွန်တော်မျိုးမ ငြင်းစ ရာမရှိပါဘူး.. ဒါပေမယ့် တစ်ခုလောက်တော့ တောင်းဆိုပါရစေဘုရား"

"ရဲရဲသာ လျှောက်ပါ မယ်ကျေးအုံ..ဘာများလဲကွဲ့"

အိမ်ရှေ့စံကိုယ်တော်ကြီးက လမ်းဖွင့်ပေးသည်နှင့် မယ်ကာက လည်း မိမိအလိုရှိရာကို ဝံ့ဝံ့စားစားလျှောက်ထားလိုက်မိလေ၏။

"ကျွန်တော်မျိုးမကို အလုပ်အကျွေးအဖြစ်နဲ့ သားလေးနဲ့.. အရှင်တို့ရဲ့ ခြေရင်းမှာပြုစုပါရစေ... အရှင်ရဲ့ဘုန်းရိပ်မှာ ခိုလှုံခွင့်ပေး ပါဘုရား"

အိမ်ရှေ့စံနှင့် ကြင်ယာတော်တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ပြုံးမိကြသည်။ အချင်းချင်းခေါင်းဆတ်ပြကြသည်။

"ကောင်းပြီ မယ်ကျေးအုံ သင်ရဲ့ဆန္ဒအတိုင်းဖြစ်စေရပါမယ်"

"ကျေးဇူးကြီးလှပါတယ်ဘုရား"

မယ်ကာကမှာ တုန်ယင်လှိုက်လှဲသံကြီးဖြင့် ရေရွတ်မိလေ၏။ သူမအဖို့တော့ မောင်ကြီးကိုလည်း နေ့စဉ်မြင်ရမယ်..သားကလေးကို လည်း ပြုစုယုယခွင့်ရမယ်.. ဘယ်လောက်ပဲဟန်ကျလိုက်သလဲ..



www.burmeseclassic.com

www.burmeseclassic.com



ပျားလဲစွဲသာ ရှဥ့်လဲလျှောက်သာပေါ့

အတွေးနှင့်အတူ မယ်ကာက ကျေနပ်ဝမ်းသာသွားမိတော့သည်။





## အခန်း(၁၉)

အိမ်ရှေ့စံ၏ ကြင်ယာတော်အဆောင်တွင်းဝယ် ကြင်ယာတော်မင်းသမီးကို ရံရွေတော်အချို့က ခြေဆုပ်လက်နယ်ပြုစုရင်း စကားမြည်ပြောနေကြသည်။

ထိုအခိုက် အဆောင်ရှေ့မှ ဖြတ်လျှောက်သွားသော မယ်ကာကကို ရံရွေတော်တစ်ဦးက မြင်သွားရာ မင်းသမီးကိုတီးတိုးပြောဆိုပါလေတော့သည်။

"မယ်ကာက ကြည့်ရတာ.. အိမ်ရှေ့စံကိုယ်တော်ကြီးကိုများ အေပ်မရာစိတ်ကူးယဉ်နေသလားပဲ သခင်မလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ဘယ်နှယ့်ဖြစ်လို့တုန်း မယ်တုတ်ရဲ့ အရမ်းကာရော·· မရှုတ်ချစမ်းပါနဲ့ကွယ်"

"အို·· မယ်တုတ်ပြောတာ ဟုတ်တယ်သခင်မလေးရဲ့·· ကျွန်တော်မျိုးမတို့လည်း စောင့်ကြည့်နေတာ·· မယ်ကာကက ကိုယ်တော်ကြီးကို အရမ်းပြုစုတယ် ပြီးတော့ အဝေးကနေလည်း ချောင်းကြည့်နေတာ·· အကျွန်ုပ်တို့မြင်တယ်·· သခင်မလေးရဲ့··"

"ဟာယ် ဟုတ်ရဲ့လားဟယ်"

မင်းသမီးက မယုံမကြည်ဟန်ဖြင့် ပြောသည်။

"ဟုတ်ပါတယ်··သခင်မလေးရဲ့ မိန်းမချင်းမို့ သူ့မျက်လုံးထဲက အဓိပ္ပါယ်တွေကို အကျွန်ုပ်တို့ဖတ်တတ်ပါတယ်·· သူကိုယ်တော်ကြီးကို ကျိတ်ပြီးစိတ်ဝင်စားနေတာ သေချာတယ်"

ရံရွေတော်တွေ၏ ထင်မြင်ချက်စကားတို့ကို မင်းသမီးက ဂရုမစိုက်သလို လှပစွာပြုံးလိုက်သည်။

"နေပါစေကွယ်·· သူလိုပုံကြီးကို မောင်တော်က ဘယ်စိတ်ဝင်စားပါမလဲ·· အာပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့လူကို တခြားလူလဲ ချစ်တာ ကောင်းပါတယ်"





မင်းသမီးက စိတ်ထားကောင်းလှသူ၊ သဘောထားကြီးလှသူ ဖြစ်သည်။

ကိုယ်··· လင်တော်မောင်ကို တစ်ပါးသူမရှိးမသားဖြစ်နေတာကို ခွင့်လွှတ်နိုင်သည့်အပြင် သူချစ်တဲ့မောင်တော်ကို တခြားလူလဲချစ်တာကောင်းသတဲ့ဟု ရယ်ရယ်မောမောပြောဆိုနေနိုင်တာကိုကြည့်၍ ရံရွေတော်တို့မှာ ဘာမှမပြောနိုင်ကြတော့ ပါးစပ်ပိတ်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၀)

နန်းတော်တွင်းတစ်ခုသောညီလာခံ၌ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ ရွှေပလ္လင်ပေါ်မှာ တင့်တယ်စွာ စံတော်မူနေတုန်း မင်းချင်းတစ်ယောက် သုတ်သီးသုတ်ပျာဖြင့် ရောက်ချလာကာ ခစားလေ၏။

"ဘာအရေးကိစ္စများလဲ မောင်မင်း"

"မှန်ပါ့... တံခါးမှူးငဖိုးသော်ကို ဖမ်းမိကြောင်းပါဘုရား"

ဘုရင်မင်းမြတ် ဆတ်ခနဲဖြစ်သွားသည်။

တံခါးမှူးငဖိုးသော်..





သားတော်ကယ်တင်စောင့်ရှောက်ထားတဲ့ကလေးမဆီက ...်ခွပ်ယူပြီး ထွက်ပြေးသွားတဲ့ သူပဲ..

"အိမ်း..ရှေ့တော်သွင်းစေ"

တအောင့်ကြာတွင် လက်ပြန်ကြိုးတုတ်ထားသည့် ငဖိုးသော် ...င်မင်းတရားရှေ့ ရောက်လာ၏။

"မောင်မင်းအပြစ် မောင်မင်းငြင်းချင်သေးလားဟဲ့"

ငဖိုးသော်က တုန်လှုပ်တကြီးဖြင့် ပြန်ဖြေ၏။

"မငြင်းပါဘူးဘုရား"

"သယ်.. ငါ့တိုင်းပြည်မှာ ဒီလိုမတရားမှုမျိုးကို လုံးဝမဖြစ် ...အောင် ကြပ်ကြပ်မတ်မတ်အုပ်ချုပ်နေတဲ့ကြားက ဒီလိုအမှုကိုပြုတာ ...ကိုမခန့်လေးစားလုပ်တာပဲ.. ဒင်းကို မှတ်လောက်သားလောက် ...င်ဆုံးမရမယ် သားတော်အိမ်ရှေ့စံရဲ့ လက်ထဲအပ်မယ်သားတော် ...ကြိုက်ဆုံးမစေခိုင်းမယ် အခုအိမ်ရှေ့စံက ခရီးထွက်နေတော့ ဒီကိစ္စ ...သားတော်ပြန်လာမှ စီရင်ရမယ်.. ကဲ..ရဲမက်တို့ သူ့ကို အကျဉ်းချ ...လိုက်ကြစမ်း"

"မှန်ပါ့ အမိန့်တော်အတိုင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ဟဲ့ နေကြဦး သူယူပြေးတဲ့လက်စွပ်ကော ဘယ်ေ

ဘုရင်မင်းမြတ် အမေးတော်ဆုံးသည်နှင့် ရဲမက်တစ်ဦး

ကပျာကယာ ဆက်သလေ၏။

မင်းကြီးသည် ဆက်သလာသောလက်စွပ်ကို ကြည့်လို

သောအခါ ရုတ်တရက် မင်းတရားကြီး၏ မျက်ခုံးနှစ်ဖက်ပင့်တက်

မျက်စိမျက်နှာပျက်သွားသည်ကို အနားရှိခံစားနေသော မိဖုရားခေါင်ကြ

မြင်မိသည်။

မင်းတရားကြီးက လက်စွပ်ကို မိဖုရားခေါင်ကြီးဆီ ကမ်း

လိုက်သည်။

မိဖုရားခေါင်ကြီးလည်း လက်စွပ်ကို မြင်သောအခါ အံ့ဩ

ကြီးဖြစ်သွားဟန်ဖြင့် ဘုရင်မင်းမြတ်ကို လှမ်းကြည့်မိသည်။

မင်းနှစ်ပါးမှာ တစ်စုံတစ်ရာကို သဘောပေါက်လိုက်မိကြ

တော့သည်။





အခန်း(၂၁)

"သားတော်ရဲ့ နဝရတ်ကိုးသွယ်လက်စွပ်က ဘယ်လိုလုပ်ပြီး

ိုသူငယ်မဆီ ရောက်နေရတာလဲ"

ဒီမေးခွန်းကို ထပ်ခါသလဲလဲ အဖြေထုတ်နေမိသော်လည်း

အဖြေကို သိနိုင်နေသေးပင်။

သို့သော်‥ မယုံရဲရဲ ဖြစ်နေသည်။

ယုံကြည်လိုက်ဖို့ မဝံ့မရဲဖြစ်နေကြသည်။

ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့ သားတော်အိမ်ရှေ့စံ

၏ နဝရတ်ကိုးသွယ်လက်စွပ်ကို သေသေချာချာကြည့်လိုက်၊ မေးခွန်း

ုတ်အဖြေရှာလိုက်နှင့် ခေါင်းမီးတောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတော်ပြောတဲ့ မယ်ကာက ဆိုတာသူပဲပေါ့"

"သေချာနေပြီ မောင်တော်ဘုရား ဘယ်လိုလုပ်ကြမတုန်း"

"မောင်တော်လည်း ဘာလုပ်ရမှန်းမသိတော့ပါဘူး နှမတော်…ရယ်"

"ဒီလောက်အရုပ်ဆိုးအကျည်းတန်တဲ့ချွေးမတော်အဖြ… နှမတော်လက်မခံနိုင်ဘူးဘုရား"

"ဒီမိန်းမကို အိမ်ရှေ့စံကြင်ယာတော်အဖြစ် တိုင်းပြည်က… ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး"

"သားတော်ကလဲ ပြောထားဖူးတယ်မှတ်လား သူ့ကြင်ယာ… တော်လိုက်လာရင် တစ်ချိန်သူဘုရင်ဖြစ်တဲ့အခါ တောင်ညာစံအဖြ… တင်မြှောက်မယ်ဆိုတာလေ"

"အို… အဲသည်လိုဆိုရင်ပိုဆိုးကုန်မှာပေါ့"

"ကြံပါဦး မောင်တော်ဘုရား… ဒီကိစ္စကို ဘယ်လိုဖြေရှင်းရ… ကောင်းမလဲဟင်"

ဘုရင်မင်းမြတ်တွေခနဲ ဖြစ်သွားသည်။

သက်ပြင်းမောကို ဟင်းခနဲချသည်။





စိတ်မသက်မသာစွာဖြင့် ခေါင်းကိုယမ်းသည်။

"အင်းလေ… ငါကိုယ်တော်ရဲ့ မြေးဦးမွေးပေးထားတဲ့ ချွေးမ…တော်ကို ရက်စက်ရတော့မှပေါ့"

ဘုရင်မင်းမြတ်က ညည်းညူသလို ရေရွတ်ရင်းပြောသည်။

မတတ်နိုင်ပြီ… ဒီနည်းမှလွဲ၍ အခြားနည်းလမ်းမရှိပြီ…

အရေးကြီးတာ… တိုင်းသူပြည်သားတွေရဲ့ အကဲ့ရဲ့မခံရဖို့ …သားတော်လေးကို အကြည်ညိုမပျက်စေဖို့ပဲ ဖြစ်သည်။

တော်ပါသေးသည်… သားတော်အိမ်ရှေ့စံမရှိပေလို့… နို့မို့ဒီ …အကြောင်းကိုသာသိရင် အခြေအနေက ဖြေရှင်းရန်လွယ်ကူတော့မည် …ဟုတ်ပေ။

သားတော်ခရီးက ပြန်မလာခင် ဒီကိစ္စကို အမြန်ဆုံးစီစဉ်မှ …ဖို့… ကြာပါတယ်။ ခုပဲ စီစဉ်လိုက်ချေတော့မည်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

ဘုရင်မင်းမြတ်အခေါ်တော်ရှိသည်ဆို၍ မယ်ကာက နန်း

ဆောင်တွင်းသို့ မဝံ့မရဲ ဝင်လာခဲ့သည်။

ထုံးစံအတိုင်း သူတစ်ကိုယ်လုံးဖုံးအောင် အဝတ်ကြီးခြုံထားခဲ့

သည်။ တခြားသူတွေအမြင်မှာ အနည်းငယ်မျက်စိပဒသ ဖြစ်စေရန်ပေ

သို့သော်လည်း သူမကိုမြင်သည်နှင့် နှာခေါင်းရှုံ့သူရှုံ့..ကဲ့

ရဲ့သူကဲ့ရဲ့ ဖြစ်ကုန်ကြသည်။

ဤလိုအဖြစ်မျိုးတွေက သူမအတွက် မဆန်းတော့ပါ

မြင်သူတိုင်း အော့နှလုံးနာစက်ဆုပ်ကြတဲ့ ဒီရုပ်ဆင်းသဏ္ဌာန်ကို ပိုင်ဆိုင်





ရတာ သူမအဖို့ အခုမှတူးပြီး ကြေကွဲဝမ်းနည်းမနေတော့ပါဘူးလေ

ဘုရင်မင်းမြတ်ရှေ့တော်မှောက်သို့ ရောက်သောအခါ ပျပ်ဝပ်

ပြီး ခစားလိုက်သည်။

"ဟဲ့..မယ်ကျေးအုံ သင့်ရဲ့ အကျည်းတန်လှတဲ့ ရုပ်ဆင်း

သဏ္ဌာန်ကြောင့် နန်းတွင်းသူနန်းတွင်းသားတွေ အမြဲအထိတ်တလန့်

ကြရတယ်.. ဒီအတိုင်းသာဆို သင်နန်းတော်တွင်း ရှိနေသမျှကာလ

လုံး နန်းတွင်းကလူတွေတော့ တထိတ်တလန့်ဖြစ်နေကြရဦးမှာပဲ"

မင်းတရားကြီးက စကားကိုခေတ္တရပ်၍ ခေါင်းငုံ့ခစားနေ

သာ မယ်ကျေးအုံကို စူးစူးကြည့်သည်။

အပါးတွင်ခစားနေသောသူများလည်း မင်းတရားကြီး ဘာ

မိန့်မလဲ ဆိုတာကို စိတ်ဝင်တစားနားစွင့်နေကြချေ၏။

"ဒီတော့... သင်ဒီနန်းတော်က ထွက်သွားပါ.. သို့ပေမယ့်

ကို ငဲ့ညှာသနားသောအားဖြင့် ငါ့ကိုယ်တော်၏ တိုင်းပြည်အစွန်က

ယ်တစ်ခုကို ပေးသနားတော်မူမယ်.. ပဒ္ဒမြွှာစားအဖြစ် အသင့်ကို

ကိုယ်တော်ခန့်အပ်မြှောက်စားတော်မူမယ်.. မယ်ကျေးအုံ သင်စားရ

ကို ယခုပင်သွားရောက်ခံစားချေပါလော"



www.burmeseclassic.com

www.burmeseclassic.com



အလို.. မဖွယ်မရာအမိန့်တော်ပါလား

သူ့ရုပ်ရည်ကြောင့် နန်းတွင်းမှာ စိတ်အနှောင့်အယှက်ဖြစ်

သတဲ့.. တစ်နည်းအားဖြင့် အလိမ္မာသုံးပြီး ဝေးရာသို့ နှင်လွှတ်လိုက်

ပဲ.. သားနဲ့ဝေးရာ၊ မောင်ကြီးနဲ့ဝေးရာသို့ သွားရမတဲ့..

အို..ဘယ်နှယ့် လုပ်ကြတာတုန်း.. မကြားဝံ့၊ မနာသာ

ပါလား။

သို့ပေမယ့်... ဘုရင့်အမိန့်တော်ဆိုတော့ ဘယ်သူလွန်ဆ

တာမှတ်လို့ မယ်ကာကာခမျာ ကြေကွဲဝမ်းနည်းမိရသော်လည်း ခေါ

ညိတ်လက်ခံလိုက်ရလေတော့သည်။

"မှန်လှပါ.. အရှင်မင်းမြတ်အမိန့်တော်မြတ်အတိုင်းပါ

ဘုရား"





အခန်း(၂၃)

မယ်ကာကာ ရွှေနန်းတော်ကြီးနှင့် ဝေးရာတစ်ရပ်တစ်နယ်သို့

သွားရတော့မည်ဆိုတော့ သားနဲ့မောင်ကြီးမျက်နှာကို နောက်ဆုံးအနေနဲ့

တဝကြီးကြည့်သွားချင်သော်လည်း ကြည့်ခွင့်မရှိတော့...

မောင်ကြီးက တိုင်းရေးပြည်ရာကိစ္စတွေနှင့် ခရီးလွန်နေတဲ့..

သားလေးကတော့ ဆိုင်သာဆိုင်ရပေမယ့် မပိုင်ရတော့သည့်အခြေအနေ

မို့ ကြည့်ခွင့်မသာခဲ့..

အကျွမ်းတဝင် အသိမိတ်ဆွေဟူ၍လည်း မရှိခဲ့သည်ဖြစ်ရာ..

နောက်ဆုံးခွဲခွာခါနီး နှုတ်ဆက်ဖို့ လူတောင်မရှိတော့သည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်လှသော သူမရုပ်ရည်ကြောင့် ဘယ်သူကမှ ဆေးဖော်ကြောဖက် အရောတဝင်ဆက်ဆံကြတာ မဟုတ်သည့်အတွက် သူမနန်းတွင်းကထွက်သွားတော့မည်ဆိုတော့ အားလုံးကဝမ်းသာနေကြမည်မှာ အမှန်ပင်..

သို့သော်.. သူမအားရှားရှားပါးပါး ခင်ခင်မင်မင်ဆက်ဆံသူတစ်ယောက်တော့ ရှိပါသေးသည်။

သူက စားတော်ကဲကြီး။

စားတော်ကဲကြီးရှိရာ စားဖိုဆောင်သို့ သူမရောက်လာခဲ့သည်။ တစ်နန်းတော်လုံးက ဝိုင်းကျဉ်ထားကြသော သူမကို ကောင်းကောင်းမွန်မွန်ဆက်ဆံခဲ့သော စားတော်ကဲကြီးကို သူမနှုတ်ဆက်ရပေလိမ့်မည်။

စားဖိုဆောင်သည် တိတ်ဆိတ်ငြိမ်ချက်သားကောင်းနေသည်။ စကားပြောသံ၊ ဆိုသံ.. ချက်ပြုတ်ကြော်လှော်သံတို့ကိုပင် စိုးစဉ်းမျှမကြားရလှသူဟူ၍လည်း တစ်ယောက်မှ မရှိကြပါလား။

ခါတိုင်းနေ့တွေဆို စားဖိုဆောင်တွင် တာဝန်ယူရသည့် အမှုထမ်းတွေကလုပ်ကြကိုင်ကြနှင့် မပြတ်မလပ်ရှိနေခဲ့သည်။

ဒီနေ့မှ ဘယ်လိုဖြစ်ကြပါလိမ့်။





စားတော်ကဲကြီးလည်း မတွေ့ပါလား..

ဘယ်ရောက်နေပါလိမ့်...

မယ်ကာကာသည် စားဖိုဆောင်ခန်းကို လှည့်လည်ကြည့်ရှုရှာဖွေနေမိသည်။

ထိုအခိုက် အခန်းတစ်ခုအတွင်းဝယ် လူရိပ်လိုလို ဖျတ်ခနဲမြင်လိုက်ရ၍ အနားကပ်၍ ကြည့်မိသည်။

အခန်းတွင်း၌ကား လူနှစ်ယောက် ခေါင်းချင်းဆိုင်၍ တစ်စုံတစ်ရာကို စိတ်ဝင်စားလှပ်ကိုင်နေသည်။

"အို..အနောက်နန်းမိဖုရားနဲ့ သားတော်စေသုဗ္ဗာတို့ပါလား အကြောင်းတစ်စုံတစ်ရာမရှိဘဲ စားဖိုဆောင်ကို လာကြဟန်တော့မတူ.. သူတို့ဘာတွေများ ကြံစည်လုပ်ဆောင်နေကြတာလဲ...

အတွေးပင်မဆုံးသေး စေသုဗ္ဗာမင်းသားသည် လက်ထဲမှ တစ်စုံတရာ့ကို ပွဲတော်အုပ်ထဲ ထည့်လိုက်တာတွေ့ရသည်..

"မယ်တော်..ဒီပွဲတော်အုပ်ကို အိမ်ရှေ့စံကိုပို့ဖို့ သေသေချာချာစီစဉ်ထားရဲ့လား "

"မပူစမ်းပါနဲ့သားတော်ရယ်..မယ်တော်အားလုံးစီစဉ်ထားပါတယ်..စားဖိုဆောင်လူတွေ အားလုံးရှိမနေအောင် မယ်တော်စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာပဲကြည့်တော့ သားတော်သာ အဆိပ်ရေကို သေသေချာချာ ထည့်စမ်းပါ..ဘေးဘီတွေဖိတ်နေဦးမယ်"

"မယ်တော် မယ်တော်တို့အကြံ အောင်မြင်နိုင်မှာပါနော်"

"အို.. အောင်ကိုအောင်မြင်စေရမယ်.. မယ်မယ့်သား အိမ်ရှေ့စံဖြစ်ကိုဖြစ်စေရမယ် စိတ်သာချထားလိုက်ပေတော့"

သားအမိနှစ်ဦး၏ စကားသံများကြောင့် ချောင်းနားထောင်နေသော မယ်ကာက တုန်လှုပ်တကြီး ဖြစ်သွားသည်။

ဘုရား..ဘုရား အိမ်ရှေ့စံကို လုပ်ကြံကြမလို့ဆိုပါလား.. မောင်ကြီးအတွက် ပွဲတော်အုပ်ထဲမှာ အဆိပ်ခတ်ထားကြပါလား.. မဖြစ်ဘူး... မဖြစ်ဘူး.. ဒီကိစ္စကို ငါအမြန်ဆုံးတားမှ ဖြစ်မယ်.. ငါအနေနဲ့တားရင် ဘယ်သူမှ ငါ့ကိုယုံမှာမဟုတ်ဘူး.. စားတော်ကဲကြီးကို တွေ့အောင်ရှာရမယ်။

မောင်ကြီး.. မသေစေရဘူး..

ဒီလုပ်ကြံမှုမအောင်မြင်စေရဘူး...

မယ်ကာကသည် ပုန်းအောင်းနေရာမှ အလျင်အမြန်ခွာလိုက်သည်။ စိုးရိမ်တကြီးဖြင့် စားတော်ကဲကြီး၏ အိမ်တော်ဆီသို့ သုတ်ခြေတင်လေတော့သည်။





အခန်း(၂၄)

စားတော်ကဲကြီး၏ အိမ်တော်ဆီသို့ ရောက်သောအခါ ရင်ဆို့ ရောမြင်ကွင်းက ဆီးကြိုနေလေ၏။

စားတော်ကဲကြီးမှာ ခြေထောက်နှစ်ဖက်စလုံးသွင်သွင်ကျိုးကာ တော်တီးအဖွေးသားနှင့် ဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ စားတော်ကဲကြီးရယ်"

"မပြောချင်တော့ပါဘူး လုံမရယ်..ကျုပ်လုပ်ကြံခံရတာဗျ"

"ဘယ်သူတွေကများ လုပ်ကြံတာလဲ ဦးရီးရယ်"

"ကျုပ်လဲမသိတော့ပါဘူး.. ကျုပ်မနေ့က နန်းတော်ကအပြန် သမ်းမှာ ဝတ်ရုံနက်ခြုံထားတဲ့ လူတစ်စုက ကျုပ်ကိုရိုက်နှက်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာလေ ခြေထောက်နှစ်ချောင်းလုံးလည်း သွင်သွင်ကျိုးပါရောလား"

"အို.. ဖြစ်မှဖြစ်ရလေဦးရီးရယ်.. အို ဦးရီးကိစ္စကြားလိုက်တာနဲ့ လာရင်းကိစ္စတောင် ပြောဖို့မေ့သွားတယ်.. လုပ်ပါဦးဦးရီးရယ်.. ကယ်ပါဦး"

"ဟဲ့ လုံမ မထိတ်သာမလန့်သာနဲ့ ဘာဖြစ်လာလို့လဲ"

"ဒီလို ဦးရေ..ဒီလို"

မယ်ကာက ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြလိုက်သည်။

သူ့မစကားဆုံးတော့..

"အလို.. မအပ်မရာကြံစည်မှုကြီးပဲ.. ကျုပ်ကိုလုပ်ကြံတာလဲ ဒင်းတို့ပဲဖြစ်မယ် စားဖို့ဆောင်မှာ ကျုပ်မရှိမှ ဒင်းတို့လုပ်ချင်တိုင်းလုပ်လို့ရမှာလေ"

"ဟုတ်မယ် ဦးရီး... ဒါဆို ဘယ်လိုလုပ်ကြမလဲဟင်"

"မဖြစ်ဖြစ်တဲ့နည်းနဲ့ တားရမှာပေါ့.. နို့မို့ အိမ်ရှေ့စံကိုယ်တော်ကြီး ဆုံးပါးသွားနိုင်တယ်"

"ဟုတ်ပါတယ် ဦးရီးရယ် ကယ်ပါဦး"

"ကဲ.. လုံမက နန်းတော်ကို အမြန်ပြန်သွား အိမ်ရှေ့စံကိုယ်





တော်ကြီး ပွဲတော်အုပ်မတည်မီအောင် တားထား.. ဦးရီးနောက်ကလိုက်လာခဲ့မယ်"

"ဟုတ်ကဲ့..ဦးရီး"

"ကဲ.. မြန်မြန်သွားချေတော့"

စားတော်ကဲကြီး၏ အိမ်တော်မှ ရွှေနန်းတော်သို့ မယ်ကာက ပြန်ပြေးရပြန်ချေပြီ။ကံကြမ္မာမျက်နှာသာပေးလို့ မောင်ကြီးခရီးကပြန်ရောက်မလာပါစေနဲ့..

လုပ်ကြံမှုကြီး အထမမြောက်ပါစေနဲ့.. ဟုသာ မျက်ရည်လည်ရွဲဆုတောင်းနေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

ကံကြမ္မာနတ်ဆိုးက သူတို့အား ကွက်ကွက်ကလေး ညှိုးမယ်ဖွဲ့လေပြီ။ သူမနန်းဆောင်ဆီသို့ ရောက်သည့်အချိန်၌ အိမ်ရှေ့စံကိုယ်တော်ကြီးမှာ ပွဲတော်အုပ်တည်ရန် ပြင်နေလေပြီ။

နန်းဆောင်အတွင်းသို့ အလောတကြီးပြေးဝင်လာသော သူမကို အားလုံးကကြောင်အမ်းစွာ စိုက်ကြည့်နေကြလေ၏။

မယ်ကာကာ ဘာကိုမှ ဂရုမထားပဲ ကပျာကယာဟာစ်အော်တားဆီးလိုက်သည်။





"သုံးဆောင်တော်မမူပါနဲ့ အရှင့်သား... သုံးဆောင်တော်မူပါနဲ့"

သူမအော်သံကြောင့် အားလုံးက ပို၍အံ့သြသွားကြသည်။

"အလို..ကျုပ်ပွဲတော်တည်မှာကို အသင်က ဘာဖြစ်လို့တားဆီးရတာလဲ"

အိမ်ရှေ့စံက မေးတော့ ရုတ်တရက် မယ်ကာကာမှာ မဖြေနိုင်.. မျက်ရည်အရွဲသားဖြင့် စိုက်ကြည့်နေသည်။

"ဟိတ်..အတင့်ရဲလိုက်လေ.. သင်က ဘယ်လိုအခွင့်ရှိလို့လိုတားဆီးဝံ့တာလဲ.."

အနားတွင် စောင့်နေသော စေသုဗ္ဗာမင်းသားကပါ ထအော်သည်။

မယ်ကာကာသည် မိမိသိထားသည့်အဖြစ်ကို မဖွင့်ဟရဲ... စေသုဗ္ဗာမင်းသား၏ မျက်နှာမကြည့်ဝံ့ပဲ ရှိနေသည်။

"ဟော.. ရဲမက်တွေ ဒီမိန်းမကို ဆွဲထုတ်လိုက်ကြစမ်း"

စေသုဗ္ဗာမင်းသား ဝင်ရောက်အမိန့်ပေးလိုက်၏။

အိမ်ရှေ့စံကိုယ်တော်ကြီးက ဘာမှဝင်မပြော၊ စိတ်ရှုပ်သည့်ဟန်ဖြင့် မျက်မှောင်ကြုတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



“နောင်တော်…သို့ ဦးကျော်ကျွန်ကို ဂရုစိုက်မနေစမ်းပါနဲ့ ပွဲတော်တည်စရာရှိတာ တည်ပါ… အလကားစိတ်အနှောင့်အယှက်ဖြစ်အောင်လာလုပ်နေတာ”

အိမ်ရှေ့စံသည် ညီတော်စကားကြောင့် မယ်ကာကာကို ဂရုမထားတော့ပဲ ဆက်လက်ပွဲတော်တည်ရန် ပြင်သည်။

မယ်ကာကာသည် အာဃာတလိုမှ အားမရသည့်အဆုံး ဆုံးဖြတ်ချက်ကို တမဟုတ်ချင်းချလိုက်သည်။

မောင်ကြီး အာယ်နည်းနဲ့မှ မခံသုခံစေရ မရအောင်တားမည်။

ရဲမက်များ လက်ထဲမှ အတောင်းရှန်းတစ်ရှ၍ အိမ်ရှေ့စံကိုယ်တော်ရှိရာဆီသို့ တဟုန်ထိုးပြေးသွားလိုက်သည်။

နောက်ပွဲတော်အုပ်ထဲမှ ထမင်းများအားကျုံး၍ စားပြလိုက်သည်။

ရုတ်တရက်ရှုတုံ သူမလှုပ်ရှားမှုကို အားလုံးအံ့ဩကြောင်အမ်းသွားကြသည်။ ထမင်းဝါးရှိုက်သံအားမှ စကားတစ်ခွန်းကို သူမပြောဖြစ်လိုက်သည်။





“ဒီထဲမှာ အဆိပ်ခတ်ထားတယ်.. အဲဒါကြောင့် တားတာ”

သူမ၏ ထူးခန်းသောအပြုအမူကို အားလုံးက နားမလည်နိုင်အောင်ဖြစ်နေမိကြဆဲ..

ရုတ်တရက် သူမပါးစပ်မှ အမြှုပ်တစီစီထွက်လာကာ သူမနွဲ့ကိုယ်မှာ ဘုန်းခနဲလဲကျသွားလေ၏။

ထိုအခါမှ စူးရှသောအော်သံများ နန်းဆောင်အတွင်း ပွဲ့လွင့်သွားပြီး ရုတ်ရုတ်သဲသဲဖြစ်သွားကြလေတော့သည်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၆)

စူးစူးဝါးဝါးငိုသံတစ်ခုသည် သူမ၏သိစိတ်အာရုံကို ပုတ်နှိုးလိုက်သကဲ့သို့ ဖြစ်သည်။

သူမသတိရလာသည်။

မျက်လုံးလေးများ တလှပ်လှပ်နှင့်ပွင့်လာ၏။

ပထမဦးဆုံးသိလိုက်ရသည်က သူမတစ်စုံတစ်ရာပေါ်လဲလျောင်းနေမိလျက်သားပုံစံဖြစ်နေခြင်းပင်.

ခန္ဓာကိုယ်ကို လှုပ်ကြည့်သည်.. လှုပ်မရ..





တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်နေသည်။ ကိုက်ခဲနေသည်။ ခန္ဓာကိုယ်ကိုလှုပ်သည်ဟု ထင်မိသော်လည်း အမှန်တော့ မလှုပ်ပေ။ မသိစိတ်က လှုပ်ပြီ.. သိစိတ်က မလှုပ်ချင်ဖြစ်နေခြင်းပင်။

အဖြစ်အပျက်ကို ပြန်စဉ်းစားကြည့်သည်။ သူမအဆိပ်ခတ်ထားသည့် ပွဲတော်အုပ်ကို ယူစားပစ်ခဲ့သည်ပဲ.. ပြီးတော့ အဆိပ်မိပြီးသူမလဲကျသွားသည်။

နောက်... တော့

အို.. ဒါဟာ အလောင်းစင်ပဲ...

သူမကို သေပြီထင်ပြီး အလောင်းစင်ပြင်ပေးထားကြတာကိုး။

မယ်ကာကသည် လန့်ဖြတ်ပြီး ထလိုက်သည်။

သို့သော်

ထမရ..။ သူမလက်နှင့် ခြေထောက်တွင် တင်းကျပ်နေသလို ခံစားနေရသည်။

ကြည့်မိတော့... လူသေတွေလို

လက်နှစ်ဖက်ကိုပူးပြီး ကြိုးဖြင့် တင်းကျပ်စွာ ချည်နှောင်ထားသည်။ ခြေထောက်ကိုလည်း ပူးလိမ်ပြီး ကျပ်ကျပ်တည်းတည်း တုပ်နှောင်ထားသည်ကို တွေ့ရသည်။



www.burmeseclassic.com

ထိုအခိုက်မှာပဲ ဆူးဆူးဝါးဝါးကလေးငိုသံတစ်ခုကို သူမကြား
လိုက်ရသည်။ အိုး... ဒါသားလေးအသံပဲ။

သားလေးငိုနေတဲ့အသံ

နို့ဆာလို့ ငိုနေရှာတယ်ထင်ရဲ့

သားဓောဖြင့် မယ်ကာကာ ဘာကိုမှသတိမထားမိတော့ပြီ။

အလောင်းစင်ပေါ်မှ ကပျာကယာ ဆင်းလိုက်သည်။

သို့သော် ခြေထောက်ကို ပူးချည်ထားသဖြင့် မရွှေ့မတတ်မရပ်နိုင်၊ ယိုင်နဲ့ လဲကျမလိုဖြစ်သွား၏။ သို့သော် သူ့ကိုယ်ကို သူလဲပြိုမကျသွားအောင် ထိန်းလိုက်နိုင်ပါသည်။

နောက်ခြေထောက်ကို စုံခုန်၍ခုန်၍ အသံလာရာဆီသို့ အရောက်လာမိသည်။

လမ်းတွင် ဆံပင်ဖားလျားဖြင့် ခုန်ဆွခုန်ဆွ လာနေသောသူကို မြင်ရသူများမှာ လန့်ဖြတ်ပြီး အော်ဟစ်ပြေးကြလေ၏။

"သရဲမကြီး...သရဲမကြီး ထလာပြီ"

မယ်ကာကာ၏ အာရုံထဲမှာတော့ သား၏ငိုသံကလွဲပြီး ဘာကိုမှ ဂရုမထားနိုင်တော့။



လူတွေသူ့ကိုမြင်ပြီး ပြေးကြတော့လည်း သူမမသိနိုင်တော့။ ခြေကိုဆွကာဆွကာခုန်ရင်း သားရှိရာဆီသို့ အရောက်လာနေလေပြီ။ ကြီးမားသောမိဘမေတ္တာ၏ စေစားမှုကြောင့်ပင် ဖြစ်ပါလေတော့သည်။

www.burmeseclassic.com



အခန်း(၂၇)

BURMESE CLASSIC .com

"အရှင်မဘုရား.. ဒုက္ခတော့ရောက်ပါပြီ။ ဒုက္ခတော့ရောက်ပါပြီ"

ရှံ့ရွှေတော်တစ်ဦး၏ ထိတ်လန့်တကြားပြောသံကြောင့် အိမ်ရှေ့စံကြင်ယာတော်မင်းသမီးရင်တုန်ပန်းတုန် ဖြစ်သွားသည်။

"ဟဲ့.. ဘာဖြစ်တာလဲ မယ်တုတ်ရယ် မထိတ်သာမလန့်သာ ရှိလိုက်တာ"

"ဟို... ဟို.. မယ်ကျေးအုံ"

မယ်တုတ်မှာ အရေးထဲ မောနေချေသေး၏။





"မယ်ကျေးအုံ... ဘာဖြစ်လဲ... ဘာဖြစ်လဲ.. မြန်မြန်ပြောလေ"

"ဟို.. မယ်ကျေးအုံ သရဲဖြစ်ပြီး ဒီဘက်ကို လာနေတယ် အရှင်မ"

"ဟင်.. ဟုတ်ရဲ့လား မယ်တုတ်ရယ်"

"ဟုတ်ပါတယ် အရှင်မရယ် အကျွန်မျက်စိနဲ့ မြင်လာတာ.. သရဲမမယ်ကျေးအုံ ခုန်ဆွခုန်ဆွနဲ့ ဒီဘက်လာနေတယ်.. ဆံပင်ဖားလျားကြီးနဲ့ ကြောက်စရာကြီး.. သူ့သားကိုလာခေါ်တာလား မသိဘူး"

"ဟင်"

ရှံ့ရွှေတော်မယ်တုတ်၏ စကားကြောင့် အိမ်ရှေ့စံကြင်ယာတော် မျက်လုံးပြူးသွားသည်။

အလန့်တကြားဖြစ်သွားသည်။

"ဒါဆို.. သားတော်လေးကို မြန်မြန်ဖွက်မှ.. လုပ်ကြပါဦးဟယ်.. ဒုက္ခပါပဲ"

ထို့နောက် အဆောင်တစ်ခုလုံး ရှုတ်ရှက်သဲသဲ ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်ကျေးအို့ သရဲမလက်က လွတ်အောင် ရှောင်ကြ၊ တိမ်းကြ ပုန်းကြနှင့် ယောက်ယက်ခတ်သွားကြလေတော့သည်။





## အခန်း ၂၈

[illegible] မယ်ကူအကြောင်းသည် [illegible] ... ဆောင်သို့ ရောက်လာသောအခါ အထဲတွင် မည်သူတစ်ယောက်မျှ မရှိတော့ [illegible] ကြီး [illegible] ၍ [illegible] သွားသည်။

ဒီမှာမရှိရင် [illegible] ကြီးသိမှာ ရှိနေမှာပေါ့ [illegible] အစ္စမ [illegible]

အတွေးဖြင့် မောင်ကြီးရှိရာ [illegible] သို့ [illegible] ဖြင့်လိုက်သည်။

ထိုအခိုက်...



BURMESE CLASSIC .com
www.burmeseclassic.com

သူမနောက်မှ ညာသံပေး၍ ဟစ်အော်လာသော အော်သံများကြောင့် သူမလန့်ဖြတ်ပြီးနောက်သို့ လှည့်ကြည့်မိသည်။

ဓါး၊လှံတွေ ကိုင်ထားသော ရဲမက်တစ်စုကို တွေ့ရသည်။

"မကောင်းဆိုးဝါးမကို ချကြဟေ့၊ ရိုက်ကြဟေ့"

အော်ဟစ်ကြုံးဝါး၍ သူမရှိရာသို့ ပြေးဝင်လာနေသော ရဲမက်တစ်စုကြောင့် သူမအံ့သြတုန်လှုပ်သွားသည်။

ဘာကိုမှ မစဉ်းမိခင် ကြောက်လန့်တကြားဖြင့် ခုန်ဆွခုန်ဆွ ထွက်ပြေးမိသည်။

သူမကို ရိုက်နှက်ထိုးခုတ်ကြဖို့ ရဲမက်တွေက နောက်မှ ထပ်ကြပ်မခွာလိုက်လာကြသည်။

သူမကို မကောင်းဆိုးဝါးဟု ထင်နေကြသတဲ့.. ခုချိန်ရှင်းပြလို့ရော ယုံကြမတဲ့လား.. ဘယ်သူမှယုံနိုင်ကြမှာ မဟုတ်.. ရဲမက်တွေမိလို့ကတော့ သူမကိုထိုးခုတ်ရိုက်နှက်ကြတော့မှာ.. သူတို့လက်ချက်ဖြင့် စိစိညက်ညက်ကြေမွသွားနိုင်သည်။

ခုတော့လွတ်အောင်ပြေးမှ...

မောင်ကြီးရေ ကျွန်မအဖြစ်ကို လာကြည့်လှည့်ပါဦး..

ကျွန်မအဖြစ်က ဆိုးလိုက်တာမောင်ကြီးရယ်..





လူတွေက ကျွန်မကို မကောင်းဆိုးဝါးတစ်ကောင်လို့ ထင်နေကြတယ်...

ကျွန်မရှင်းပြရင်လဲ ယုံကြမှာမဟုတ်ဘူး.. ကျွန်မကိုအသေသတ်ကြတော့မယ်.. မောင်ကြီးရယ်.. ကျွန်မကိုမကယ်နိုင်တော့ဘူးလား.. မတရားနှိပ်စက်ခံရတော့မယ်.. မောင်ကြီးရေ.. လာပါဦး..နှမလေးအဖြစ်ကို ကယ်လှည့်ပါဦး..

မယ်ကာကာသည် ပြေးရင်းမှ မောင်ကြီးကိုတမ်းတမိသည်။ ကြေကွဲဝမ်းနည်းစိတ်ဖြင့် ရှိုက်ကြီးတငင်ငိုကြွေးမိသည်။

"လိုက်ဟေ့.. လိုက်ကြ..သရဲမကို မလွှတ်စေနဲ့"

နောက်မှ ထပ်ချပ်မကွာလိုက်လာသော လူစုမှာ သူမနှင့် အလှမ်းတရာမှ နီးကပ်နေချေပြီ ကံဆိုးလှစွာပင် ရှေ့တွင် မြောင်းကြီးတစ်ခုက ဆီးခံနေ၏။ ခြေလွတ်လက်လွတ်သာဆို လွှားခနဲခုန်ကျော်လွတ်နိုင်သေးသည်။

ခုတော့...

ဘယ်လိုမှ လွတ်နိုင်မယ်မထင်တော့ပါဘူးလေ.. အားငယ်စိတ်ဖြင့် စိတ်ဓါတ်အဆုံးစွန်ထိကျသွားသည်။

အိုးဝေသံနှင့်ရုတ်ခြည်းအားအကဲ့ရေအေးတွေးကွာ ဆူခေါင်းထဲ ဝင်လာသည်။ မောင်ကြီးနဲ့သားအတွက် ငါအသက်ရှင်ရမယ် ဆိုဒီဆို လှည့်ရွှေမွန်နဲ့ အသေမခံနိုင်ဘူး ... ထိုအတွေးကြောင့် သူမတစ်ဖန် စိတ်အားပြန်တင်းမိုက်သည်။

ပူးချည့်အားသော လက်နှစ်ဘက်ကိုမြှောက်၍ သစ္စာဆိုမိ သည်။

"သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို တိုင်တည်ပြီးသစ္စာ ဆိုပါတယ်။ ကျမည့်တော်မသည် ... ကျမည့်တော်မကြောင့်မယားကျား နှင့် သားဖြစ်သူကို ချစ်ခင်သောမေတ္တာဖြင့် ချစ်ခင်မြတ်နိုးသူဖြစ်ပါ သည်။ ကြုံမှန်သောသစ္စာစကားကြောင့် ... ကျမည့်တော်မသည် ယခုအိမ်ခြောက်ရဲ့ ရာဖတ်စွန်းသို့ ချောချောမောမောရောက်အောင် ခုန်ကူး နိုင်ပါစေသတည်း။"

သစ္စာဆိုပြီးတာနှင့် မယ်ကာကာသည် နောက်သို့အနည်းငယ်မျှ ခုန်ကာဆုတ်လိုက်သည်။

ထို့နောက်အားယူ၍ ခုန်လိုက်လေ၏။ သူမသည် ပြင်းစွာကြီးစား ပမ်းစားခုန်ကျော်ရမည့် မြောင်းတစ်ဖက်စွန်းပေါ်သို့ ရှိုးခနဲရောက်ရှိ သွားလေ၏။





နောက်မှလိုက်လာကြကုန်သော ရဲမက်များမှာ အံ့အားတသင့် ဖြစ်လုံးပြူးသွားကြလေ၏။

ရှေ့တွင် မြောင်းလေးတစ်ခုစီးနေသေး၏.. မယ်ကာကာ သည် ထိုမြောင်းကို ခုန်ကျော်ရန်ပြင်လိုက်သည်။

ထိုအခိုက် စူးရှသောအော်သံတစ်ခုထွက်ပေါ်လာသည်။

"မယ်ကျေးအုံ"

ထိုအသံကို ကြားလိုက်ရသည်နှင့် မယ်ကာကာ ရုတ်တရက် ဝမ်းသာသွားကာ နောက်သို့လှည့်ကြည့်မိသည်။

မောင်ကြီး.. လိုက်လာတာပါလား..

သူမကို လာကယ်တာပေါ့

ကြည့်စမ်း ငါစိတ်ထဲက တောင့်တလိုက်တာ မောင်ကြီး တကယ်ရောက်လာပါပေါ့လား..

မယ်ကာကာမှာ အတွေးဖြင့် ပျော်သွားသည်။

သို့သော်

သူမထင်သလိုမဟုတ်ခဲ့..

"မယ်ကျေးအုံ.. နင်ဟာ.. ဘဝခြားခဲ့ပြီမဲ့ နင်ဘာရည်ရွယ်ချင် လို့ ပြန်လာတာလဲ.. ကလေးကိုစားချင်လို့လာတာလား.. နင့်ကလေး

www.burmeseclassic.com



မဟုတ်မှန်း ငါတို့အစောကြီးထဲကသိပါတယ်.. နင် အဲဒီလောက်မရက်စက်ပါနဲ့.. နင်ပြန်မလာနဲ့တော့.. နို့မို့ ငါကိုယ်တိုင်နင့်ကို သတ်ရလိမ့်မယ် ကြားလားမယ်ကျေးအုံ"

အို.. ဒါမောင်ကြီးရဲ့ နှုတ်ထွက်စကားတွေတဲ့။ ဘယ်လိုပြောလိုက်တာလဲမောင်ကြီးရဲ့ ကျွန်မကလေးကို ကျွန်မကစားချင်လို့လာသတဲ့လား.. အိုမဖွယ်မရာ ရှက်ဖွယ်ရာကောင်းတဲ့ စွပ်စွဲချက်ကြီးပါလား.. အဲဒါကျွန်မကလေးအစစ်ပါ.. မောင်ကြီးနဲ့ ကျွန်မရဲ့ ကလေးအစစ်ပါ.

ဒီစကားတွေကို ပြောလို့ရော မောင်ကြီးယုံမတဲ့လား.. လက်ခံမတဲ့လားမောင်ကြီးရယ် စွပ်စွဲချက်တွေနဲ့ ကျွန်မနှလုံးသားကို ထိုးနှက်လိုက်တာလား..

မြောင်း၏ တဖက်စွန်းတွင် ကလေးကိုချီကာ သူမအားစူးစိုက်ကြည့်နေသော မောင်ကြီး၏အေးစက်စက်သရော်သော မျက်နှာကို မြင်ရသည်။

မကြည့်ပါနဲ့.. အဲလိုမကြည့်ပါနဲ့.. မောင်ကြီးရယ်.. မောင်ကြီးအလိုမရှိတဲ့ဘဝမှာ ကျွန်မမနေပါဘူး သွားမှာပါ.. သွားပြီမောင်ကြီးရေ.. ကြေကွဲဆို့နစ်နေတဲ့ ဟောဒီနှလုံးသားထဲမှာ မောင်ကြီးကိုချစ်တဲ့အချစ်တွေ ထာဝရသိမ်းဆည်းပြီးသွားတော့မှာပါ မောင်ကြီးရယ်.. ဒီတစ်သက်စာအတွက် နှုတ်ဆက်ခဲ့ပါတယ်..



မယ်ကာကာသည် နှလုံးကြေကွဲမှုကိုမခံစားနိုင်သည့်အဆုံးချာခနဲလှည့်၍ မြောင်းလေးကိုခုန်ရန် ကြိုးစားလိုက်သည်။

သို့သော်.. မြောင်းတဖက်စွန်းရောက်အောင်

သူမ မခုန်နိုင်တော့..

ကြေကွဲနွမ်းလျှသွားခဲ့သောစိတ်အဟုန်သည် မြောင်းသေးသေးလေးကို ခုန်ဖို့စွမ်းအားများအား ဝါးမြိုလိုက်ပြီဖြစ်သည်။

မယ်ကာကာ၏ အဖြစ်က ဆိုးဝါးလှပါသည်။

မြောင်းလေးထဲ ပြုတ်ကျသွားသော သူမသည် ရုတ်တရက်ကုန်းထဖို့ကလည်း လက်တွေခြေတွေကို တုတ်နှောင်ထားသဖြင့် ထဖို့ခက်သွားသည်။

ထိုစဉ်မှာ သူမကိုယ်ထဲပုံ့နှံ့စီးဝင်မဲ့သော အဆိပ်ဓါတ်ကပြန့်လည်အစွမ်းပြလာချေ၏။

အမြုပ်တစီစီထွက်ကာ တဆတ်ဆတ်တုန်ရင်း ရေတိမ်တွင်နစ်ရရှာပေပြီ။ ရဲမက်တစ်စု လာရောက်ကြည့်ရှုစဉ်မှာတော့ သူမဘဝဓာတ်သိမ်းခဲ့ပြီ ဖြစ်သည်။

အိပ်မက်အသစ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့သော်‥ သနားမယ့်သူမရှိ၊ ကြေကွဲမယ့်သူမရှိ‥

ထိုအစား ကဲ့ရဲ့ရှုတ်ချ၊ ရွံရှာစက်ဆုပ်ခြင်းများကိုသာ လူများထဲမှ ရရှိခဲ့ပါလေ၏။

တမလွန်က သူမကတော့ နောင်ဘဝများရှိရင် လှပသောရုပ်ရည်နှင့် စစ်မှန်သောချစ်ခြင်းမေတ္တာကို ရရှိပါစေဟုသာ ဆုတောင်းနေမည်မှာမလွဲပေ‥။

အိပ်မက်အသစ်စာပေ

www.burmeseclassic.com